ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်၊ တနင်္ဂနွေနေ့၊ (22-5-2005) (၄၆၀၃)

ကိုလိုနီနယ်ချဲ့၏ဆိုးမွေများဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် တိုင်းရင်းသားလူမျိုးများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်တို့ ရှမ်းပြည်နယ်အတွင်းက အပြီးပပျောက်သွားစေရန် ကြိုးပမ်းနေရဆဲဖြစ်



ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာရွှေထန်လမ်းပေါ်၌ သံလွင်တံတား(တာပါး) ဖွင့်ပွဲ ကျင်းပ ဒေသနေပြည်သူများ၏ စီးပွားရေး၊ကျန်းမာရေး၊လူမှုရေးများတိုးတက်ရန် အထောက်အပံ့ရရှိစေမည်

ရန်ကုန်　　မေ　　၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၀ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ နံနက် ၁၀နာရီတွင် ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်း အဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လားရှိုးလေဆိပ် တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာ၌ ကျင်းပသည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေး ဦးဆောင် သည့် တပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင် တံတား(တာပါး) ဖွင့်ပွဲအခမ်းအနားတွင် အမှာ စကားပြောကြားစဉ်။ (အပေါ်ပုံ) **နှင့် မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား(တာပါး)ကို တွေ့မြင်ရစဉ်။** (ဝဲပုံ) (သတင်းစဉ်)

ကိုလိုနီနယ်ချဲ့၏အနိဋ္ဌာရုံဆိုးမွေများ ရှမ်းပြည်နယ်အတွင်း ပြန်လည်တစ်ပတ် လည်မလာစေရန် အဖျက်သမားများ၊ ပြည်ထောင်စု ဖြိုခွဲရေးသမားများ၏ အန္တရာယ်ကို ဒေသခံ တိုင်းရင်းသား ပြည်သူများအားလုံးကပြည်သူ့သဘော ထား (၄)ရပ်နှင့်အညီ တစ်စိတ်တည်း တစ်ဝမ်းတည်း လက်တွဲ ပေါင်းစည်းပြီး အစဉ်တစိုက် တွန်းလှန်တိုက်ဖျက်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၂၂-၅-၂၀၀၅
(တနင်္ဂနွေနေ့)

ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့

မဟာဗောဓိပင် ရေစင်သွန်းလောင်း၍ ကုသိုလ်တရားပွားများအားထုတ်

ကဆုန်လသည် အပူဓာတ်လွန်ကဲသောလဖြစ်ရာ မြစ်ချောင်းအင်းအိုင်များ ရေခန်းခြောက်ချိန်ဖြစ်သည်။ သို့သော် ကဆုန်လကုန်ပိုင်းတွင် မုတ်သုံမိုး တစ်ပြိုက်နှစ်ပြိုက် ရွာသွန်းတတ်၍ မိုးရေစိုစွတ်သောမြေပြင်မှ တစ်မူထူးခြားသော မြေသင်းနံ့သင်းပျံ့ပျံ့ကို ရှူရှိုက်ရသောလဖြစ်သည်။ ရှေးမြန်မာများက ကဆုန်အတွင်း မြေသင်းပျံ့ပျံ့ မိုးနံ့နံ့ဟု ဆိုရိုးပြုခဲ့ကြသည်။

ယနေ့သည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ အထွတ်အမြတ်ထားရာ ၁၃၆၇ ခုနှစ် ကဆုန်လပြည့်နေ့(ဗုဒ္ဓအခါတော်နေ့) ဖြစ်သည်။

ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း ဆိုစကားနှင့်အညီ ကဆုန်လပြည့်အခါသမယသည် ဗုဒ္ဓဘုရားရှင်၏ ဖြစ်စဉ်တော်များနှင့် ဆက်စပ်ဖြစ်တည်လျက်ရှိကြောင်း သိရသည်။

ဗုဒ္ဓဘုရားရှင်သည် သုမေဓာရှင်ရသေ့ဘဝတွင် ကဆုန်လပြည့်နေ့၌ ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု နိယတ ဗျာဒိတ်တော်ရရှိခဲ့သည်။

ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို မယ်တော်မာယာ၏ ဝမ်းကြာတိုက်မှ ဖွားမြင်သန့်စင်တော်မူခဲ့သည်။

ထို့အပြင် ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓနှင့်ဖွားဖက်တော် ခုနစ်ပါးတွင်ပါဝင်သည့် မဟာဗောဓိပင်ပေါက်ရောက်တော်မူသည်။

အဆိုပါကဆုန်လပြည့်နေ့တွင်ပင် သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တိုင်သိမြင်တော်မူပြီး သဗ္ဗညုတရွှေဉာဏ်တော်ရှင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့သည်။

ထို့အတူ ဗုဒ္ဓဘုရားရှင်သည် ကဆုန်လပြည့်နေ့တွင်ပင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပေသည်။

ဗုဒ္ဓဘုရားရှင်သည် ဖွားဖက်တော် ညောင်ဗုဒ္ဓဟေပင်ကြီးကိုအမှီပြု၍ သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ထို့ကြောင့် ဂေါတမဘုရားရှင်ပွင့်တော်မူရာ မဟာဗောဓိပင်သည် သာသနာတော်၌ ပရိဘောဂစေတီအရာ၌ တည်ပေသည်။

ထို့ကြောင့် နေအပူရှိန်ပြင်းသည့် ကဆုန်လတွင် ဗုဒ္ဓဘုရားရှင်၏ ပရိဘောဂစေတီဖြစ်တော်မူသော မဟာဗောဓိပင်ကို အေးမြသောရေစင်တို့ဖြင့် သွန်းလောင်း၍ကုသိုလ်ပြုကြသည်။

ကဆုန်လပြည့်နေ့တွင် ဗောဓိပင်အား ရေစင်သွန်းလောင်းကြသည့် ညောင်ရေသွန်းပွဲတော်ကို မြန်မာနိုင်ငံတစ်ဝန်း၌ နှစ်စဉ်ကျင်းပကြသည်။ ညောင်ရေသွန်းလောင်းခြင်းသည် အေးချမ်းသာယာစေခြင်း၊ ဖွံ့ဖြိုးစည်ပင်စေခြင်း အနှစ်သာရများ လွှမ်းခြုံလျက်ရှိသည်။ ဗုဒ္ဓဘုရားရှင်အားရည်မှန်း၍ ညောင်ရေသွန်းလောင်းခြင်းဖြင့် နှလုံးစိတ်ဝမ်းကြည်လင်အေးချမ်းပြီး ကုသိုလ်ထူး ကုသိုလ်မြတ်များ ရရှိနိုင်ကြမည်ဖြစ်သည်။

ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် ဗောဓိပင်ကို ရေသွန်းလောင်းခြင်း၊ ဗောဓိပင်စိုက်ပျိုးပူဇော်ခြင်း၊ ဗောဓိပင်ကို နံ့သာပန်းတို့ဖြင့် ပူဇော်ခြင်း ကုသိုလ်ကောင်းမှုများကို ပြုကြမြဲဖြစ်သည်။

မဟာဗောဓိပင်ကို အေးမြကြည်လင်သော ရေစင်ရေအေးတို့ဖြင့် ညောင်ရေသွန်းလောင်း ပူဇော်ခြင်းဖြင့် ဗောဓိပင် လန်းဆန်းသက်ရှည်ခက်လက်ဝေဖြာသကဲ့သို့ ညောင်ရေသွန်းလောင်းသူတို့၌လည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့သာယာခြင်း၊ အသက်ရှည်ခြင်း၊ အနာမဲ့ခြင်းစသော အကျိုးထူးများ ရရှိနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့အခါသမယတွင် ဗုဒ္ဓ၏ ပရိဘောဂစေတီဖြစ်သည့် မဟာဗောဓိပင်ကို ရေစင်သွန်းလောင်း ကုသိုလ်ကောင်းမှုပြုရင်း လောကသုံးပါးတွင် အတုမဲ့၊ အနှိုင်းမဲ့ဖြစ်သော မြတ်ဗုဒ္ဓဘုရားရှင်၏ အဆုံးအမတရားဒေသနာတော်များကို နာကြားအားထုတ်ခြင်းဖြင့် ကုသိုလ်သုစရိုက်တရားများ ပွားများကျင့်ကြံအားထုတ်နိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းမှ ကြီးမှူးဖွင့်လှစ်သည့် မိုးစပါး ပန်းတိုင် အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (ရန်ကုန်တိုင်း)

လယ်ယာကဏ္ဍ၌ စပါးသီးနှံသည် စိုက်ဧကအများဆုံး၊ ထုတ်လုပ်မှုတန်ဖိုးအများဆုံးဖြစ်

မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာန၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဖြစ်ထွန်းရေးကို ကြိုးပမ်းဆောင်ရွက်နေချိန်တွင် နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည်အလွန်အရေးကြီးလှသည့် အချက်တစ်ချက်ဖြစ်နေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်က စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြောင်း၊ လယ်ယာကဏ္ဍ၌ စပါးသီးနှံသည် စိုက်ဧကအများဆုံးနှင့် ထုတ်လုပ်မှုတန်ဖိုးအများဆုံးဖြစ်ပြီး ရိက္ခာသီးနှံလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် ရိက္ခာသီးနှံဖြစ်သည့် စပါးကို စားနပ်ရိက္ခာဖူလုံအောင် စိုက်ပျိုးထုတ်လုပ်ပြီး ပိုလျှံအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယင်းကဲ့သို့ ဆောင်ရွက်ကြရာတွင် စိုက်ပျိုးရေးစနစ်များ မှန်ကန်အောင် စိုက်ပျိုးရေး၊ မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက် သဘာဝမြေဩဇာများ ပေါင်းစပ်သုံးစွဲရေး၊ ရေတော်မိုးတော်စိုက် ဧကများ တိုးတက်လာအောင် ဖော်ဆောင်ရေး စသည့် နည်းလမ်းလေးသွယ်နှင့်အညီ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

သီးနှံစိုက်ပျိုးရေးတွင် စိုက်စနစ်မှန်ကန်ရေးသည် အလွန်အရေးကြီးသည့်အချက်ဖြစ်ကြောင်း၊ လှည်းကူးမြို့နယ် မလစ်ကျေးရွာနှင့် တိုက်ကြီးမြို့နယ် ဖလုံကန်ကုန်းကျေးရွာ နွေစပါးပန်းတိုင်အထွက်နှုန်း အထူးဇုန်များ၌ စပါးပန်းတိုင်အထွက်နှုန်း မိတ်ဖက်အချက်များဖြစ်သော တစ်ဧကရှိရမည့် အောင်နံ့ပေါင်း၊ တစ်နံ့မှာရှိရမည့် အောင်စေ့ပေါင်းဆိုသည့် အချက်များကို သတ်မှတ်ထားသော စွမ်းရည်ပြည့်ဝစွာ ရရှိအောင် နည်းပညာအသုံးပြုပြီး ဆင်းသွယ်လတ်မျိုးကို လက်တွေ့စိုက်ပျိုးပြသခဲ့ရာ တစ်ဧက တင်း ၁၅၀ ကျော် ထွက်ရှိခဲ့ကြောင်း။

နိုင်ငံတော်က တောင်သူလယ်သမားများကြီးများ၏ အကျိုးစီးပွား တိုးတက်ဖွံ့ဖြိုးရေးအတွက် နေ့မအား ညမနား စေတနာအပြည့်ထားရှိ ဆောင်ရွက်ပေးလျက်ရှိနေသကဲ့သို့ တောင်သူလယ်သမားကြီးများကလည်း စပါး ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် ယနေ့သင်တန်းက ပို့ချပေးမည့် နည်းပညာများကို စိတ်ဝင်တစား လေ့လာမှတ်သားပြီး မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိအောင်စွမ်းစွမ်းတမံဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်သည်တော်များ၊ တောင်သူလယ်သမားကြီးများသည် ခန်းမအတွင်း ပြသထားသည့် စိုက်ပျိုးမြေများ ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းများ၊ မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး စိုက်ပျိုးရမည့် စပါးမျိုးများနှင့် အရည်အချင်းလက္ခဏာများ၊ တစ်နံ့မှတစ်ကွင်း၊ တစ်ကွင်းမှ တစ်နိုင်ငံ ခေါင်နံ့မျိုးဖြင့် မျိုးသန့်ပွားများ ဆောင်ရွက်သည့်နည်းပညာများ၊ သီးနှံပိုးမွှား ရောဂါကာကွယ်ရေးဆိုင်ရာနည်းပညာများစသည့် သင်တန်းအထောက်အကူပြု နည်းပညာပေး ပြကွက်များကို ကြည့်ရှုလေ့လာကြသည်။

မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းပညာပေးသင်တန်း၌ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်မှ တောင်သူလယ်သမား ၃၀၇ ဦးနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်း ၅၂ ဦး တက်ရောက် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ရော်ဘာ သုတေသနနှင့် မျိုးပွားခြံ (ဇရပ်ကွင်း)သို့ ရောက်ရှိပြီး ရော်ဘာပျိုးပင်များကို ပျိုးသက်အလိုက် ပြသထားရှိမှု၊ မြေပေါ်လက်ခံပျိုးခင်းနှင့် အိတ်စိုက်လက်ခံပျိုးခင်းများဖြင့် ရော်ဘာဖူးဆက်ပျိုးပင်များ ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းစိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ဆန်းနှင့် တိုင်းနှစ်ရှည်ပင်လုပ်ငန်း မန်နေဂျာ ဦးသန်းထွန်းနှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရော်ဘာစိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတော်အတွက် များစွာအကျိုးရှိသဖြင့် ရော်ဘာတိုးချဲ့ စိုက်ပျိုးကြရေးနည်းပညာပေးဆောင်ရွက်ကြရန် မှာကြားပြီး ရော်ဘာမျိုးစေ့များကို ပျိုးထုပ်များအတွင်း ထည့်သွင်း၍ ပျိုးထောင်ပေးခဲ့သည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ၏နောက်ဆုံးသီတင်းပတ်
ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး။

အားကစားဝန်ကြီးအား အာရှခရစ်ကက်ကောင်စီ တာဝန်ခံ တွေ့ဆုံ

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံတွင် ရောက်ရှိနေသော အာရှခရစ်ကက်ကောင်စီ (ACC) တာဝန်ခံအရာရှိ Mr. Rogger Binny သည် ယမန်နေ့က အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်အား ဝန်ကြီးရုံး ပတ္တမြားခန်းမ၌ သွားရောက် တွေ့ဆုံရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး ဦးသောင်းထိုက်နှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အထွေထွေ အတွင်းရေးမှူး ဒေါ်ဆွေဇင်ထိုက်တို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်အား အာရှခရစ်ကက်အဖွဲ့ချုပ်သို့ ဝင်ရောက်ရေးကိစ္စ၊ ကွင်းတည်ဆောက်ရေးနှင့် ဒိုင်သင်တန်း၊ နည်းပြသင်တန်းနှင့် မျိုးဆက်သစ် ခရစ်ကက် အားကစားသမားများ မွေးထုတ်ပေးနိုင်ရေးအတွက် အာရှခရစ်ကက်အဖွဲ့ချုပ်မှ ကူညီဆောင်ရွက်မည့်ကိစ္စများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ခရစ်ကက်အားကစား နည်းကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် လူငယ်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးခရီးစဉ် အတွေ့အကြုံရှင်းလင်းပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (အား/ကာ)

ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတက်ရောက်

ရန်ကုန် မေ ၂၁

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် မေ ၁၈ရက် နံနက် ၁၁နာရီတွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့သို့ ရောက်ရှိပြီး ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ လူငယ်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးခရီးစဉ် အတွေ့အကြုံရှင်းလင်းပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်အတွင်း ရှစ်မြို့နယ်မှ အသင်းအတွင်းရေးမှူးများနှင့် အမှုဆောင်များ၊ လေ့လာရေးခရီးစဉ်တွင် ပါဝင်ခဲ့ကြသည့် ရွှေဘိုခရိုင်အတွင်းမှ လူငယ်များ၊ အသင်းဝင်များ တက်ရောက်ကြပြီး "ရာသက်ပန်ပြည်ထောင်စု" သီချင်းကို အသင်းဝင်လူငယ်များက စုပေါင်းသီဆို၍ အခမ်းအနားကိုဖွင့်လှစ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က လူငယ်လေ့လာရေးခရီးစဉ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်း၊မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့သို့ သွားရောက်ခဲ့ကြသည့် ရွှေဘိုခရိုင်အတွင်းမှ လေ့လာရေးအဖွဲ့ဝင်လူငယ်များက ခရီးစဉ်အတွေ့အကြုံများကို သက်ဆိုင်ရာပြည်နယ်တိုင်းများ၏ ဖွံ့ဖြိုးတိုးတက်မှု ဗီဒီယိုပြကွက်များဖြင့် ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် အသင်းဝင်လူငယ်များက ပြည်မြန်မာသီချင်းကို စုပေါင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဗဟိုအလုပ်အမှုဆောင်က အခမ်းအနားသို့ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့်ဗဟိုအလုပ်အမှုဆောင်သည် မုံရွာမြို့သို့ဆက်လက်ထွက်ခွာပြီး မုံရွာမြို့ တိုင်းအသင်းရုံးတွင် ကျင်းပသော ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုနာယကအဖွဲ့ဝင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်အတူ တက်ရောက်သည်။

ရှေးဦးစွာ ဗဟိုနာယက အဖွဲ့ဝင် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က အမှာစကားပြောကြားကြပြီး တက်ရောက်လာသူများက အသီးသီး ဆွေးနွေးတင်ပြကြသည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မေ ၉ရက် နံနက် ၉နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်းနှင့် ခရိုင် ရှစ်ခရိုင်မှ အသင်းအတွင်းရေးမှူးများ၊ အမှုဆောင်များအား တွေ့ဆုံမှာကြားသည်။ ယင်းနောက် ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသော အမှုဆောင်များ စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၅) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ချောင်းဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် ၆၅၀၀၀၀ ကို ဗဟိုအလုပ်အမှုဆောင်က လက်ခံရယူပြီး အခမ်းအနားကို ပြည်မြန်မာသီချင်းကို သီဆို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တရားဟောကြားမည်

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်၌ ပထမအကြိမ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ကဆုန်လပြည့်နေ့နံနက် ၇နာရီတွင် ကျင်းပမည်ဖြစ်ပြီး အဆိုပါနေ့ ညနေ ၃နာရီတွင် တိပိဋကဓရ ဘဒ္ဒန္တ ကောဏ္ဍည ဆရာတော်က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

မြန်မာ့ကောင်းကျိုးအတွက် နည်းမျိုးစုံဖြင့် လုပ်နေပါသည်ဆိုသော မြန်မာမဟုတ်သူများသို့

☆ ဘယ်သူတားတား၊ အသွားမပျက်
ချီတက်နေတာ၊ ဒို့မြန်မာ။

☆ ဘယ်သူရှုပ်ရှုပ်၊ အလုပ်မပျက်
လုပ်လျက်နေတာ၊ ဒို့မြန်မာ။

☆ ဘယ်သူဟန့်ဟန့်၊ တန့်ရပ်မသွား
လှုပ်ရှားမြဲပါ၊ ဒို့မြန်မာ။

☆ ဘယ်သူခြောက်ခြောက်၊ မကြောက်မရွံ့
ဝံ့ဝံ့စားစား၊ လုပ်အားမပျက်
လုပ်လျက်နေတာ၊ ဒို့မြန်မာ။

☆ ဘယ်သူမြှောက်စေ၊ မတွေဝေဘူး
စိတ်ကူးမယဉ်၊ လုပ်ခွင်မပျက်
ချီတက်နေတာ၊ ဒို့မြန်မာ။

☆ ဘယ်သူချော့ငြား၊ ဝမ်းမပါးဘဲ
သွားမြဲလမ်းကြောင်း၊ မပြောင်းမပြု
ရှေးရှုလျက်သာ၊ ဒို့မြန်မာ။

☆ ဘယ်သူခွဲစေ၊ စိတ်နေမပြောင်း
သမိုင်းကြောင်း၏၊ အရှိသေချာ
သင်ခန်းစာယူ၊ ရည်တူလက်တွဲ
မြဲထက်မြဲအောင်
လုပ်ဆောင်နေတာ၊ ဒို့မြန်မာ။

☆ စိတ်ထားမြန်မာ၊ သိဖို့ရာများ
ပြောကြားနေတာ၊ သင့်သိက္ခာတွက်
ပြန်တွက်ချက်၍၊ လုပ်လက်စအလုပ်
ဆက်လုပ်ဖို့ရာ၊ သင့်ပါသလား
စဉ်းစားသုံးသပ်၊ ဆုံးဖြတ်နိုင်ရန် ဖြစ်ပါ၏။ ။

မိုး၈

ပဲခူးတိုင်း(အနောက်ပိုင်း)စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကျင်းပ

ရန်ကုန် မေ ၂၁

ပဲခူးတိုင်း(အနောက်ပိုင်း)စစ်မှုထမ်းဟောင်းအဖွဲ့အကြိုညီလာခံ(၂၀၀၅)ကို ယမန်နေ့ နံနက် ၈နာရီတွင် ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ဗိုလ်ချုပ်လမ်းရှိ ခေတ္တရာရတနာမြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ ပဲခူးတိုင်း(အနောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များ ဖြစ်ကြသော အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး မောင်မောင်တင်(ငြိမ်း)၊ ပဲခူးတိုင်း(အနောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းစစ်မှု ထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့မှ ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တိုင်းအတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ တိုင်းအတွင်းရှိ မြို့နယ်များမှ စစ်မှုထမ်းဟောင်း ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) တွင် အခမ်းအနားမှူးအဖြစ် အလုပ်သမားဝန်ကြီးဌာန ပြည်မြို့ ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးမှ ဒေါ်ယုယုလွင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ပြည်မြို့ ခေတ္တရာမြို့သစ်မှဒေါ်နွယ်နွယ်ဝင်းကဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက ပဲခူးတိုင်း(အနောက်ပိုင်း)စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ် ၃၀၀ရှိသည့်အနက်ရာခိုင်နှုန်းပြည့်တက်ရောက်သဖြင့် အကြိုညီလာခံ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အကြိုညီလာခံ စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ ပဲခူးတိုင်း(အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက အမှာစကား ပြောကြားပြီးညီလာခံကို ခေတ္တရပ်နားသည်။

ထို့နောက် အကြိုညီလာခံ(၂၀၀၅)ကို နံနက် ၈နာရီခွဲတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်း (အနောက်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးစိုးလွင်(ငြိမ်း)၊ တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်မှူးဇော်ဝင်းမောင် (ငြိမ်း)၊ ဗိုလ်မှူးစန်းမော်ခင် (ငြိမ်း)နှင့် ဗိုလ်မှူးဝင်းအောင်ညို(ငြိမ်း) တို့က ဆောင်ရွက်ကြပြီး ရှေးဦးစွာ သဘာပတိ ပဲခူးတိုင်း (အနောက်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)သို့ ပဲခူးတိုင်း (အနောက်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့၏ အစီရင်ခံစာကို တင်သွင်းကြရာ ပြည်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးမြင့်သိန်းက အမျိုးသားနိုင်ငံရေးကဏ္ဍ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့ကိုလည်းကောင်း၊ ပြည်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးထွန်းဝင်း (ငြိမ်း)က လူမှုရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းကဏ္ဍနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍတို့ကို လည်းကောင်း တင်ပြကြသည်။

ယင်းနောက် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီးငါးရပ်နှင့်စပ်လျဉ်း၍ ပြည်မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးကျော်ဝင်း(ငြိမ်း)က အမျိုးသားနိုင်ငံရေးကဏ္ဍကိုလည်းကောင်း၊ ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်နေလင်း(ငြိမ်း)က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍကိုလည်းကောင်း၊ ပေါက်ခေါင်းမြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်ညွန့်(ငြိမ်း)က စီးပွားရေးကဏ္ဍကိုလည်းကောင်း၊ ပန်းတောင်းမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးမြင့်စိုး(ငြိမ်း)က လူမှုရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းကဏ္ဍကိုလည်းကောင်း၊ ပြည်မြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးမျိုးညွန့်(ငြိမ်း)က ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍကို လည်းကောင်း အသီးသီး အကြံပြုဆွေးနွေးကြသည်။

ဖတ်ကြားကြေညာ

ထို့နောက် သဘာပတိက ပဲခူးတိုင်း(အနောက်ပိုင်း)စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ညီလာခံကိုယ်စားလှယ်များ၏ အတည်ပြုချက် ရယူပြီးအတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ အခမ်းအနားမှူးက ပဲခူးတိုင်း (အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်သည့် ဆုံးဖြတ်ချက်(၃)ရပ်၊ အတည်ပြုချက်(၁)ရပ်နှင့် မှတ်တမ်းတင်ခြင်း (၃)ရပ်တို့ကို အတည်ပြုဖတ်ကြားကြေညာသည်။

ထို့နောက် သဘာပတိ ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပဲခူးတိုင်း (အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ ပဲခူးတိုင်း (အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကူမိုလန်မာတောင်ရေခဲမြစ်များ အရည်ပျော်နှုန်းမြင့်မား ကမ္ဘာ့ရေချိုသယံဇာတရရှိမှုအခြေအနေ ပြောင်းလဲလာနိုင်ကြောင်း သတိပေး

ကူမိုလန်မာ (တိဘက်) မေ ၂၀

တရုတ်နိုင်ငံ အနောက်တောင်ဘက်ရှိ တိဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ကူမိုလန်မာတောင်တွင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေခဲမြစ်များ မြန်ဆန်စွာအရည်ပျော်လာကြသည်။ ယင်းသို့ဖြစ်ပေါ်လာမှုကြောင့် ကမ္ဘာ့ရေအရင်းအမြစ်များ ချိန်ခွင်ညှာညီမျှနေမှုများနှင့် ရေချိုသယံဇာတရရှိမှု အခြေအနေများပြောင်းလဲနိုင်သည်ဟု သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ကူမိုလန်မာတောင်နှင့် ပတ်သက်၍ တရုတ်သိပ္ပံပညာရှင်များသည် သုတေသနလုပ်ငန်းကို ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့ကြသည်။ ကမ္ဘာ့အမြင့်ဆုံးနေရာဖြစ်သော ထိုဒေသတွင် ရေခဲမြစ်များလျော့နည်းလာသည်ကို ၎င်းတို့က တွေ့ရှိခဲ့ကြသည်။ နှစ်စဉ်အများအားဖြင့် အဆိုပါ ရေခဲမြစ်အရည်ပျော်နှုန်းသည် ၁၀မီတာအောက်တွင်သာ အရည်ပျော်ပြီး ပြီးခဲ့သောနှစ်နှစ်တွင် မီတာ ၅၀ခန့်အထိ အရည်ပျော်နှုန်း မြင့်တက်လာသည်။

ထိုသို့ ဖြစ်ပွားမှုသည် ရေခဲမြစ်၏ ပြင်းထန်သော အရည်ပျော်မှုနှုန်းကို ဖော်ပြနေသည်ဟု သိပ္ပံပညာလေ့လာရေး အဖွဲ့ခေါင်းဆောင် စန်းရှီချိန်က ပြောကြားသည်။

လျော့နည်းလာ

ယခုအချိန်တွင် ရေခဲများအသစ်ဖြစ်ပေါ်တည်ရှိမှုနှင့် အရည်ပျော်နှုန်းတို့သည် ဟန်ချက်ညီနေအောင် ဆက်လက် ထိန်းသိမ်းထားနိုင်သည့် အခြေအနေ မရှိတော့သည့်အတွက် အနာဂတ်ကာလတွင် အရည်ပျော်ဝင်မှုနှုန်း မြင့်မားလာပြီး ကမ္ဘာတွင် ရေချိုအရင်းအမြစ်များ လျော့နည်းလာမည်ဟု ယူဆထားသည်။

ပင်လယ် ရေမျက်နှာပြင်အမြင့် ၅၆၀၀မီတာတွင် ရေခဲထုအထူ ၃၀မီတာရှိ ရေခဲကျောက်ထရံများကို ၂၀၀၂ခုနှစ်က လေ့လာရေးအဖွဲ့က တွေ့ရှိခဲ့ကြသော်လည်း ယခုနှစ်တွင် အဆိုပါရေခဲထုများကို မတွေ့ကြရတော့ကြောင်း သိရသည်။

တွေ့မြင်ရ

အဆိုပါဒေသတွင် ၂၀၀၄ခုနှစ်၌ ပင်လယ်ရေမျက်နှာပြင် အထက် ၆၃၀၀မီတာမှ ၆၅၀၀မီတာအမြင့်တွင် သိပ္ပံအမှတ်အသားအဖြစ် ရေခဲများပေါ်တွင် တိုင် ၂၀ကျော်ကို လေ့လာရေးအဖွဲ့က စိုက်ထူထားခဲ့သည်။ သို့သော် ယခုနှစ်တွင် ထိုတိုင်များအနက်မှ တိုင်လေးတိုင်သာ တွေ့မြင်ရသည်။ ဤသို့ဖြစ်ပွားရခြင်းမှာ ရေခဲမြစ်များ အရည်ပျော်နေကြောင်းကို ဖော်ပြနေသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နှင့် အမေရိကန်သို့ ပုစွန်တင်ပို့မှု ဗီယက်နမ် မြှင့်တင်မည်

ဟနွိုင်း မေ ၂၀

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ခုနှစ်နှင့် ၂၀၁၀ပြည့်နှစ်အကြားတွင် ဂျပန်နှင့် အမေရိကန်သို့ ပုစွန်ဆိတ်များ တင်ပို့ရာတွင် ကုန်အမှတ်တံဆိပ် ပြုလုပ်ခြင်းနှင့် ကုန်သွယ်မှု မြှင့်တင်ခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ ဈေးကွက်နှစ်ခုသို့ တင်ပို့ရာတွင် ဈေးကွက်ဝင်ရောက်ခြင်းဆိုင်ရာ အခက်အခဲများ ရှိနေဆဲဖြစ်ကြောင်း ဗီယက်နမ် ကုန်သွယ်ရေး ဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

ပုစွန်တင်ပို့မှုမြှင့်တင်ဆောင်ရွက်မှုများ ပြုလုပ်နေစဉ်အတွင်း ဗီယက်နမ်နိုင်ငံ၏ ငွေကြေးအားဖြင့် ဒေါင်၁၁သမ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၈၆၀၀) ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ထို့အပြင် ပုစွန်အရည်အသွေးများကိုလည်း တိုးတက်အောင် ဆောင်ရွက်ပြီး ထုတ်ကုန်ပိုင်းတွင်လည်း နည်းမျိုးစုံ ပြောင်းလဲထုတ်လုပ်သွားမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် အမေရိကန်နိုင်ငံသို့ ပုစွန်တင်ပို့ရာတွင် သွင်းကုန်ခွန်များ တိုးမြှင့်ကောက်ခံသည့် အခက်အခဲများနှင့် ကြုံတွေ့နေရသည်။

အမ်အင်အေ၊ဆင်ဟွာ။



ခေတ်ခွဲ ခမ်းသပ်

ဦးနှောက် အမြှေးရောင်ရောဂါနှင့်ပတ်သက်၍ နယူးဒေလီဆေးရုံတစ်ရုံတွင် ခေတ်ခွဲစမ်းသပ်နေသော ဆရာဝန်တစ်ဦးကို မေ ၁၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အဲယားအင်ဒီးယား ကနေဒါသို့ ပြန်လည်ပျံသန်း

နယူးဒေလီ မေ ၂၀

အဲယား အင်ဒီးယားလေကြောင်းလိုင်းသည် နှစ်ပေါင်း ၂၀ အတွင်း ကနေဒါနိုင်ငံ တိုရွန်တိုမြို့သို့ ပထမဆုံးခရီးစဉ်အဖြစ် တနင်္ဂနွေနေ့တွင် နယူးဒေလီမြို့မှ စတင်ထွက်ခွာရာ အမ်ရစ်စာမြို့နှင့် ဘာမင်ဟန်မြို့တို့မှတစ်ဆင့် တိုရွန်တိုမြို့သို့ ပျံသန်းမည်ဖြစ်ကြောင်း အင်ဒို-အာရှသတင်းဌာနက ဖော်ပြသည်။

အိန္ဒိယမြို့ပြလေကြောင်း ဝန်ကြီး ပရာဖူး ပတေးက ခရီးစဉ် အေအိုင်-၁၈၇ကို ဖွင့်လှစ်ပေးလိုက်သည်။ ယင်းခရီးစဉ်အရ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့နှင့် တနင်္ဂနွေနေ့များတွင် နယူးဒေလီမြို့မှ စတင်ပျံသန်းမည် ဖြစ်သည်။

၁၉၈၅ ခုနှစ်တွင် လန်ဒန်မှတစ်ဆင့် တိုရွန်တို-မွန်ထရီးခရီးစဉ် ပျံသန်းသည့် လေယာဉ်သည် ဝေဟင်၌ပေါက်ကွဲမှုဖြစ်ပွားပြီး လေယာဉ်ပေါ်တွင်ပါလာသူ ၃၂၉ဦးစလုံး သေဆုံးခဲ့သည်။ ယင်းပေါက်ကွဲမှုဖြစ်ပွားပြီး နောက်ပိုင်းတွင် အဲယား အင်ဒီးယားလေကြောင်းလိုင်းသည် ကနေဒါနိုင်ငံသို့ ပျံသန်းမှုကို ရပ်ဆိုင်းခဲ့သည်။

ယခုခရီးစဉ်သစ်ဖြင့် ပန်ဂျပ်ပြည်နယ်သားများအား ဗြိတိန်နိုင်ငံ ဘာမင်ဟန်မြို့နှင့် ကနေဒါနိုင်ငံ တိုရွန်တိုမြို့တို့သို့ တိုက်ရိုက်ပျံသန်းပေးမည်ဟု ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စင်ကာပူအစိုးရ၏ လုံခြုံရေးအစီအစဉ် ပြည်သူလူထုက မှီခိုအားထားလွန်း

စင်ကာပူ မေ ၂၀

စင်ကာပူအစိုးရက အကြမ်းဖက်ခြိမ်းခြောက်မှုအန္တရာယ်အား အပြည့်အဝ ကိုင်တွယ် ဖြေရှင်းနိုင်စွမ်းရှိသည်ဟု စင်ကာပူနိုင်ငံသားအများစုက ယုံကြည်နေကြကြောင်း၊ သို့ရာတွင် ယင်းပြဿနာနှင့်စပ်လျဉ်း၍ ၎င်းတို့အနေဖြင့် ကိုယ့်ကိုယ်ကိုကာကွယ် ကြိုတင်ပြင်ဆင်မှု အားနည်းလျက်ရှိကြောင်း ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် အနုပညာဝန်ကြီးဌာနက နောက်ဆုံးပြုလုပ်သည့် စစ်တမ်း အားကိုးကား၍ နယူးအာရှ ရုပ်မြင်သံကြားအစီ အစဉ်က တနင်္ဂနွေနေ့တွင် ဖော်ပြလိုက်သည်။

အမြန်ဖော်ဆောင်

၇၆ရာခိုင်နှုန်းသောစင်ကာပူနိုင်ငံသားတို့က အစိုးရ၏လုံခြုံရေးဆိုင်ရာ အစီအစဉ်များသည် လုံလောက်မှုရှိကြောင်း၊ ၇၀ရာခိုင်နှုန်းသောစင်ကာပူနိုင်ငံသားတို့ကမူ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားမည်ဆိုပါက စင်ကာပူအစိုးရက ပုံမှန်အခြေအနေသို့ရောက်ရှိစေရန် အမြန်ဖော်ဆောင်ပေးနိုင်သည်ဟု ယုံကြည်လျက်ရှိကြကြောင်း စစ်တမ်းတွင်ပါရှိသည်။

၅၂ရာခိုင်နှုန်းသောစင်ကာပူနိုင်ငံသားတို့က အကြမ်းဖက် အတိုက်ခံရစဉ်အတွင်း မည်သို့လုပ်ကိုင်ရမည်ကို သိရှိထားကြပြီး စင်ကာပူနိုင်ငံသားများအတွင်း ကိုယ့်ကိုယ်ကို ပြင်ဆင်မှုအားနည်းနေမှုအပေါ် စိတ်သောကရောက်ရကြောင်း ယင်းစစ်တမ်းတွင် ဖော်ပြထားသည်။

မှီခိုအားထား

အကြမ်းဖက် တိုက်ခိုက်မှုဆိုင်ရာခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရစဉ်အတွင်း စင်ကာပူနိုင်ငံသားများအတွင်း စုစည်းမှုရှိနိုင်ကြောင်း ၉၀ရာခိုင်နှုန်းသော စင်ကာပူနိုင်ငံသားတို့က တုံ့ပြန်ပြောကြားကြောင်း လူထုစစ်တမ်းတွင် ဖော်ပြထားသည်။ ကျွမ်းကျင်သူများကမူ စင်ကာပူနိုင်ငံသူ၊ နိုင်ငံသားများသည် အစိုးရအပေါ် မှီခိုအားထားလွန်းသည်ဟု သတိပေးထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် ကျင်းပသည့် ရိုးရာပွဲတော်တစ်ခု၌ ပါဝင်ဆင်နွှဲနေကြသော တောင်ကိုရီးယားကချေသည်များကို မေ ၁၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဆီယံ နာပိုအဖွဲ့အစည်းအဝေး ဘာလီကျွန်းတွင် ကျင်းပ ဒေသတွင်း ရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုကို ချီးကျူး

ဘာလီ(အင်ဒိုနီးရှား) မေ ၂၀

အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ရဲတပ်ဖွဲ့များအချင်းချင်းနှင့် လေ့လာသူအဆင့်ရှိ နိုင်ငံများမှ ရဲတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိနိုင်ရေးအတွက် (၂၅)ကြိမ်မြောက် အာဆီယံနာပို အစည်းအဝေးကို မေ ၁၇ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် စတင်ကျင်းပခဲ့သည်။

ချီးကျူးစကား

ထိုအာဆီယံ နာပို အစည်းအဝေးဖွင့်ပွဲသို့ အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဆူဆီလိုဘန်ဘမ်းယူဒိုယူနိုတက်ရောက်ကာ ဒေသတွင်း ရဲတပ်ဖွဲ့များ၏ သတင်းဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ချီးကျူးစကားပြောကြားခဲ့သည့်အပြင် ဆွေးနွေးဖက်နိုင်ငံများ ပါဝင်မှုကိုလည်း ကျေးဇူးတင်ရှိကြောင်း အင်ဒိုနီးရှားသမ္မတက ပြောကြားခဲ့သည်။

သုံးရက်ကြာပြုလုပ်မည့် အစည်းအဝေးတွင် ဆွေးနွေးပွဲများလည်းပါရှိမည်ဖြစ်သည်။ ဆွေးနွေးမည့်ခေါင်းစဉ်များတွင် မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးခြင်း၊ လက်နက်ရောင်းဝယ်ခြင်း၊ လူသားများကို မှောင်ခိုအရောင်းအဝယ်ပြုခြင်း၊ အကြမ်းဖက်ခြင်း၊ ရေကြောင်းဆိုင်ရာ စာရွက်စာတမ်းအတုများပြုလုပ်ခြင်း၊ အင်တာနက်မှ ကျူးလွန်သောမှုခင်းများ တားဆီးခြင်းနှင့် ခရီးသွားလက်မှတ် အထောက်အထားအတုများ ပြုလုပ်မှုတို့ ပါဝင်သည်။

ရဲတပ်ဖွဲ့ဆိုင်ရာ သတင်းအချက်အလက်စနစ် ထူထောင်ထားရှိပြီး ဥပဒေထိန်းသိမ်းရေး အဖွဲ့အစည်းတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရဲတပ်ဖွဲ့ကိုယ်စားလှယ်များ အပြန်အလှန်စေလွှတ်ရေးကိစ္စများလည်း ပါဝင်သည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံနှင့် အရှေ့တီမောနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

နယူးဇီလန်မှ အမျိုးသမီး ၄၂ ရာခိုင်နှုန်း စိတ်ကျရောဂါရှိကြောင်း တွေ့ရှိရ

ဝယ်လင်တန် မေ ၂၀

နယူးဇီလန်နိုင်ငံမှ အမျိုးသမီးများသည် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးခံစားနေရကြောင်း၊ သို့ရာတွင် ၎င်းတို့လိုအပ်နေသည့် သတင်းအချက်အလက်များ သို့မဟုတ် အခြား အထောက်အပံ့များမရရှိကြောင်း နက်စ်မဂ္ဂဇင်းတစ်စောင်တွင်ပါရှိသည့် အမျိုးသမီး ကျန်းမာရေးစစ်တမ်းအရ သိရှိရသည်။

၄၂ ရာခိုင်နှုန်းသော နယူးဇီလန် အမျိုးသမီးများသည် မီးဖွားပြီး စိတ်ကျဝေဒနာရှိကြောင်း စူးစမ်းတွေ့ရှိရကြောင်း ယင်းစစ်တမ်းတွင် ဖော်ပြထားသည်။

ယင်းစစ်တမ်းတွင် ရေရှည်ကျန်းမာရေး အာဟာရနှင့် အစားအသောက်၊ ဆေးလိပ်သောက်ခြင်း၊ အရက်၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ ဆေးဝါးနှင့် အကြံပေးလမ်းညွှန်စသည့် ကဏ္ဍများကို ဖော်ပြထားသည်။

ဖော်ပြပါ စိတ်ကျန်းမာရေး ခံစားနေရသူဦးရေမှာ ခန့်မှန်းထားသည်ထက် ကျော်လွန်နေကြောင်း၊ မည်သို့ပင်ဖြစ်စေကာမူ အမျိုးသမီးအများစုသည် အကူအညီရရှိရန် လုံးပန်းနေကြကြောင်း၊ တုံ့ပြန်မှုများက ဖော်ညွှန်းပြသနေကြောင်း စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအဖွဲ့ ယာယီအမှုဆောင်ချုပ် ဆူးတန်နားက ပြောကြားသည်။

တုံ့ပြန်ပြောကြားသူတစ်ဦးက ၎င်းတို့ စိတ်ကျရောဂါခံစားနေရစဉ် လုံလောက်သည့် အထောက်အပံ့ရရှိပါက ၎င်းတို့အနေဖြင့် ဝေဒနာခံစားရမှု သက်သာပျောက်ကင်းနိုင်ကြောင်း ပြောကြားသည်။

မည်သို့ပင်ဖြစ်စေကာမူ ၉၂ ရာခိုင်နှုန်းသော အမျိုးသမီးများက ရှေးရိုးရာ ကုသမှုများဖြင့် ပျောက်ကင်းအောင် ကုသနိုင်သည်ဟု ပြောကြားကြသည်။

နှိပ်နယ်ကုသခြင်းသည် လွန်ခဲ့သည့်နှစ်အတွင်း လူသုံးများသည့် ကုထုံးတစ်ရပ်ဖြစ်ခဲ့သည်ဟု ဖော်ပြပါစစ်တမ်းတွင် ပါရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်မြို့လယ်တွင် ဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် ဒဏ်ရာရသူ အီရတ်အမျိုးသမီး တစ်ဦးအား ဘေးလွတ်ရာသို့ ခေါ်ဆောင်သွားသည်ကို မေ ၁၉ရက်က တွေ့ရစဉ်။(ဓာတ်ပုံအင်တာနက်)

အဘူဂါရိပ်အကျဉ်းထောင်မှ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ထောင်ဒဏ်ခြောက်လ ချမှတ်ခံရ

ဝါရှင်တန် မေ ၂၀

အီရတ်နိုင်ငံ အဘူဂါရိပ်ထောင်၌ အကျဉ်းသမားများအား ၂၀၀၃ ခုနှစ်က နှိပ်စက်မှုတွင် ပါဝင်ပတ်သက်မှုကြောင့် အမေရိကန် ကြည်းတပ်အရန်တပ်ဖွဲ့ဝင် အမျိုးသမီးတစ်ဦးမှာ ထောင်ဒဏ်ခြောက်လကျခံစေရန် အင်္ဂါနေ့က ပြစ်ဒဏ်စီရင်ခြင်းခံရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၎င်းအရန်တပ်ဖွဲ့ဝင်သည် အသက် ၂၇ နှစ်ရှိ စစ်ရဲသမျိုးသမီး ဆာစာရီနာ ဟာမန်ဖြစ်ပြီးတပ်သားအဆင့်သို့ရာထူး လျှော့ချခံရသည့်အပြင် စာရိတ္တပျက်ယွင်းမှုဖြင့် တပ်မှ ထုတ်ပစ်ရန် စစ်ဘက်ဆိုင်ရာ ခုံသမာဓိအဖွဲ့က တက္ကဆက်ပြည်နယ် ဖိုတ်ဟုဒ်တပ်စခန်းတွင် အမိန့်ချမှတ်လိုက်သည်။

ဟာမန်အားပေးသည့် အပြစ်များမှာ အဘူဂါရိပ်ထောင် မှူခင်းများတွင် အသက်သာဆုံးသော ပြစ်ဒဏ်ပေးမှုများမှ တစ်ခုဖြစ်သည်။

စစ်ဆေးတွေ့ရှိ

ဟာမန်သည် အကျဉ်းသားများအား နှိပ်စက်မှု စွဲချက်လေးခု၊ အကျဉ်းသားများအား နှိပ်စက်ရန် ပူးပေါင်းကြံစည်မှု စွဲချက်တစ်ခုနှင့် တာဝန်လစ်ဟင်းမှု စွဲချက်တစ်ခုတို့ဖြင့် အပြစ်ရှိသည်ကို စစ်ဆေးတွေ့ရှိရသည်ဟုဆိုသည်။

ဟာမန်အနေဖြင့် ပြစ်ဒဏ်အများဆုံး ထောင်ဒဏ်ငါးနှစ်ခွဲကျနိုင်သည်။ အဘူဂါရိပ်ထောင်တွင် နှိပ်စက်ညှဉ်းပန်းမှုများကို အမေရိကန်စစ်ရဲဌာနက ဓာတ်ပုံရိုက်ယူခဲ့ရာတွင် ဟာမန်သည် ယင်းဓာတ်ပုံများတွင် ပါဝင်လျက်ရှိသည်။

အင်္ဂါနေ့က ပြစ်ဒဏ်ချမှတ်စီရင်ရာတွင် ဟာမန်က အဘူဂါရိပ်အကျဉ်းထောင်မှ အကျဉ်းသားများအား နှိပ်စက်မှုနှင့် ပတ်သက်၍ ဝန်ချတောင်းပန်သည်။

တပ်ဖွဲ့ဝင်တစ်ဦးနှင့် စစ်ရဲတပ်ဖွဲ့အရာရှိတစ်ဦးအနေဖြင့် မိမိတာဝန်များ ဆောင်ရွက်ရန်၊ မိမိ၏ မစ်ရှင် အဖွဲ့အားကာကွယ်စောင့်ရှောက်ရန် တာဝန်များ လစ်ဟင်းခဲ့ရကြောင်းဟာမန်ကပြောကြားခဲ့သည်။

စီရင်ချက်ချ

အဘူဂါရိပ်အရှုပ်တော်ပုံနှင့်ပတ်သက်၍ ဟာမန်သည် ဒုတိယမြောက်အဖြစ် စစ်ဆေးခံပြီး ပြစ်ဒဏ် စီရင်ခံရသူဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည့် ချားလ်ဂရေနာသည်လည်း ယင်းကဲ့သို့သော ပြစ်မှုဖြင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် ဇန်နဝါရီလအတွင်းက စီရင်ချက်ချမှတ်ခြင်းခံခဲ့ရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အပူလှိုင်းကျရောက်မှု သတိပေးစနစ် ဂျာမနီတွင်ထားရှိမည်

ဘာလင် မေ ၂၀

ဂျာမနီနိုင်ငံတွင် အပူလှိုင်းကျရောက်မည့် အလားအလာ ဖြစ်ပေါ်လာပါက ကြိုတင်သတိပေးနိုင်ရန် မိုးလေဝသဌာနက အပူလှိုင်းသတိပေးစနစ်တစ်ရပ်ကို သီတင်းပတ် အနည်းငယ်အတွင်း ထူထောင်ထားရှိရန် စီစဉ်လျက်ရှိသည်။

ကြုံခဲ့ရ

ထိုနိုင်ငံတွင် ၂၀၀၃ ခုနှစ်အတွင်းက အပူလှိုင်းဒဏ်ကျရောက်ခဲ့သည့်အတွက် သက်ကြီးရွယ်အို ထောင်နှင့်ချီ၍ သေဆုံးရသည့်အဖြစ်နှင့် ကြုံခဲ့ရသည်။ ယင်းကဲ့သို့သောအဖြစ်မျိုး ထပ်မံကြုံတွေ့ရခြင်း မရှိစေရန် အပူလှိုင်း သတိပေးစနစ် ထားရှိရန် ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းသတိပေးစနစ်ကို ဇွန်လတွင် ထူထောင်ထားရှိမည်ဖြစ်သည်။ ထိုစနစ်များထားရှိပြီးသောအခါသိရှိလာရသော အခြေအနေထူးခြားချက်များကိုသက်ကြီးရွယ်အိုများရှိရာ ပြုစုစောင့်ရှောက်ရေးစခန်းများသို့ ဖက်စီမယ်စနစ်သုံးကာ သတိပေးမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

သတိပေးချက်များ ရရှိခြင်းဖြင့် သက်ကြီးရွယ်အိုများ နေထိုင်ရာနေရာများကို အရိပ်နှင့်အအေးဓာတ် ရရှိစေရန် စီစဉ်ပေးထားခြင်း၊ အသက်ကြီးသူများ စားသုံးသောအစားအစာတွင် အရည်ဓာတ် ပေါကြွယ်စွာပါရှိစေရန် စီစဉ်ပေးခြင်းများ ကြိုတင်ပြုလုပ်ကာ အကာအကွယ်ယူထားနိုင်မည် ဖြစ်ကြောင်း ဒီပီအေသတင်း ဌာနက ဖော်ပြခဲ့သည်။

လျှော့ချနိုင်

အဆိုပါသတိပေးစနစ်ကို ကျင့်သုံးခြင်းအားဖြင့် အပူလှိုင်းရိုက်ခတ်မှုဒဏ်ကြောင့် သေဆုံးသူ အရေအတွက်ကို သိသိသာသာ လျှော့ချနိုင်မည်ဖြစ်သည်ဟု ဖရီးဘက်မြို့ရှိ ဆေးဘက်ဆိုင်ရာ မိုးလေဝသပညာရှင် ကလောက်ဂပ်စ်ဘတ်ချာက ပြောကြားသည်။ ဖရီးဘက်မြို့သည် ဂျာမနီနိုင်ငံ၏ တောင်ပိုင်းတွင် တည်ရှိသည်။

အဆိုပါသတိပေးစနစ်သည် ဂျာမနီနိုင်ငံတစ်ဝန်းရှိ ခရိုင်အသီးသီးတွင် ဖြစ်ပေါ်နေသော အပူချိန်၊ စိုထိုင်းဆနှင့် နေရောင်ခြည်ကျရောက်မှု အခြေအနေများကို အစဉ်မပြတ်လေ့လာမှတ်တမ်းတင်မည်ဖြစ်သည်ဟု ဘတ်ချာက ပြောကြားသည်။ ယေဘုယျအားဖြင့်ဆိုလျှင် အပူချိန်အခြေအနေသည် ၃၂ ဒီဂရီဆယ်ဆီးရပ်သို့ ရောက်ရှိလျှင် ကြိုတင်သတိပေးမှု ထုတ်ပြန်အကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်ကာလ ၂၀၀၃ ခုနှစ် နွေရာသီက အပူချိန် ပြင်းထန်ခဲ့သောကြောင့် ပြင်သစ်နိုင်ငံတွင် အသက်ကြီးရင့်သူ ၁၅၀၀ ခန့်အထိ သေဆုံးရပြီး၊ ဂျာမနီနိုင်ငံတွင် ၁၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရကြောင်း မှတ်တမ်းများက ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပြင်သစ်နိုင်ငံအီဖဲလ်မျှော်စင်မှ လေထီးဖြင့်ခုန်ချသူ နော်ဝေနိုင်ငံသားတစ်ဦးသေဆုံး

ပါရီ မေ ၁၉

အသက်(၃၁)နှစ်ရှိ နော်ဝေနိုင်ငံသားတစ်ဦး ခွင့်ပြုချက်မရှိဘဲ ပြင်သစ်နိုင်ငံ ပါရီမြို့တော်မှ အမြင့်၃၂၄မီတာရှိအီဖဲလ်မျှော်စင်ဒုတိယထပ်မှလေထီးဖြင့်ခုန်ဆင်းရာ တနင်္လာနေ့နှောင်းပိုင်းအချိန်တွင် သေဆုံးခဲ့ကြောင်းဖြင့် ပြင်သစ်တီအက်ဖ်အိုင်ရုပ်မြင်သံကြားဌာနကဖော်ပြသည်။

နော်ဝေနိုင်ငံသားသုံးဦးသည် အဆိုပါ အီဖဲလ်မျှော်စင်အား ကြော်ငြာရုပ်ရှင်ရိုက်ရန် ကြိုးပမ်းလျက်ရှိကြကြောင်း အဆိုပါ ရုပ်မြင်သံကြားဌာနကရဲတပ်ဖွဲ့အားကိုးကား၍ ဖော်ပြသည်။

၎င်းတို့သုံးဦးအနက်မှ တစ်ဦးဖြစ်သူက မျှော်စင်၏ ၁၁၅ မီတာမြင့်ရာ ဒုတိယအထပ်မှ လေထီးဖြင့် ခုန်ဆင်းကြောင်း၊ သို့ရာတွင် မျှော်စင်အဆောက်အအုံ၏ ပထမအထပ်မှ သံစင်ဖြင့် တိုက်မိကာသေဆုံးသွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ရဲဌာနက ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေဆဲဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကက်စပီယန်ပင်လယ်ဒေသမှပြဿနာများ ဒေသရှိနိုင်ငံများအတွင်း ဖြေရှင်းကြရန် အီရန် အစိုးရတိုက်တွန်း

တီဟီရန် မေ ၂၀

ကက်စပီယန်ပင်လယ် ဒေသရှိ ပြဿနာအားလုံးနှင့်အငြင်းပွားမှုအားလုံးကိုယင်းပင်လယ်ကမ်းဒေသတစ်လျှောက်ရှိ နိုင်ငံများအတွင်း စေ့စပ်ညှိနှိုင်းခြင်းဖြင့် ဖြေရှင်းနိုင်သည်ဟု အီရန်အစိုးရက တနင်္လာနေ့က ပြောကြားကြောင်း အီရန်အစိုးရအာဘော် အိုင်အာအင်အေ သတင်းဌာနက ဖော်ပြလိုက်သည်။

ပြင်ပနိုင်ငံများ ဝင်ရောက်စွက်ဖက်မှုကြောင့် စိန်ခေါ်မှုအသစ်များ ပေါ်ပေါက်လာနိုင်ပြီး ပြဿနာပိုမိုရှုပ်ထွေးလာစေနိုင်သည်ဟု အီရန် နိုင်ငံခြားရေးဝန်ကြီး ကာရာဇီအားကိုးကား၍ ဖော်ပြပါ သတင်းဌာနက ကြေညာသည်။

နိုင်ငံခြားရေးဝန်ကြီး ကာရာဇီသည် ကက်စပီယန်ပင်လယ်ဆိုင်ရာလုပ်ငန်း ဖော်ဆောင်ရေးအုပ်စု၏(၁၇) ကြိမ်မြောက် အစည်းအဝေးတွင် အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

ယင်းအစည်းအဝေးသည် တီဟီရန်တွင် တနင်္လာနေ့က စတင်ကျင်းပပြီး ကက်စပီယန်ပင်လယ်ကမ်းတစ်လျှောက်ရှိ အီရန်၊ ရုရှား၊ ကာဇက်စတန်၊ တာခ်မေနစ် စတန်နှင့် အဇာဘိုင်ဂျန်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သဘာဝအရင်းအမြစ် ဖော်ထုတ်သုံးစွဲရေးကဲ့သို့သော ကက်စပီယန်ပင်လယ်ဒေသရှိ အထင်ကရပြဿနာများနှင့် ပတ်သက်၍ အဆိုပါ ငါးနိုင်ငံများက သဘောတူညီချက်မရရှိသေးဘဲ ဖြစ်နေသည်။

အငြင်းပွားမှုများ အဆုံးသတ်ရေးအတွက် ကြိုးပမ်းရာတွင် ကက်စပီယန်ပင်လယ်ဒေသအနေဖြင့် ယင်းဒေသတစ်လျှောက်ရှိနိုင်ငံများအတွင်းထိရောက်သည့် ပူးပေါင်းဆောင်ရွက်ရေး၊ ယင်းဒေသတွင်း အေးချမ်းသာယာသည့် ဆက်ဆံမှု တိုးချဲ့ရေးအတွက် ဆွေးနွေးနိုင်သည့် စင်မြင့်ဖြစ်ကြောင်း၊ သဘောတူညီချက်တညီတညွတ်တည်းရရှိစေရန် စေ့စပ်ညှိနှိုင်းမှုများ ဆက်လက် ပြုလုပ်ရန် လိုအပ်လှကြောင်း၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကူဝိတ်ရေနံအတွက် ဂျပန်ဈေးကွက် အဓိကကျ ဈေးကွက်တိုးချဲ့ရေး နှစ်နိုင်ငံပူးတွဲဆောင်ရွက်မည်

ကူဝိတ်စီးတီး မေ ၂၀

ဂျပန်နိုင်ငံသည် ကူဝိတ်နိုင်ငံမှ ထုတ်လုပ်သော ရေနံအတွက် အကြီးဆုံးသော ဈေးကွက်များအနက် ဈေးကွက်တစ်ခု အဖြစ်ပါဝင်ကြောင်း ကူဝိတ်ရေနံကော်ပိုရေးရှင်း (ကေပီစီ)အထက်တန်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့ပြီးလျှင် ကမ္ဘာပေါ်တွင် ရေနံသုံးစွဲမှု တတိယအများဆုံးနိုင်ငံဖြစ်သော ဂျပန်နိုင်ငံသည် ၎င်း၏ ရေနံစိမ်းဝယ်လိုအား၏ ၈ ရာခိုင်နှုန်းကို ကူဝိတ်နိုင်ငံမှ ဝယ်ယူတင်သွင်းကြောင်းကူဝိတ်သတင်း အေဂျင်စီက ကူဝိတ်ရေနံကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဂျမားအယ်လ်နူရီ၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းထုတ်ပြန်သည်။

ဂျပန်ရေနံဈေးကွက်တွင် ကူဝိတ်ရေနံကော်ပိုရေးရှင်း၏ လက်ရှိတင်ပို့နိုင်မှုပမာဏကို ဆက်လက် ထိန်းသိမ်းထားမည်ဖြစ်ကြောင်း၊ ကူဝိတ်ရေနံကုမ္ပဏီသည် ဂျပန်ကုမ္ပဏီများနှင့်အတူ ရေနံစိမ်းဈေးကွက်တိုးချဲ့ရေး ပူးတွဲစီမံကိန်းများကို ချမှတ်လုပ်ဆောင်မည်ဖြစ်ကြောင်း အယ်လ်နူရီက ဂျပန်နိုင်ငံသို့ ခရီးမထွက်ခွာမီ ကူဝိတ်သတင်းဌာနသို့ ပြောကြားသည်။ ကူဝိတ်ရေနံကော်ပိုရေးရှင်းသည် ဂျပန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ရှာဖွေရန် မျှော်မှန်းထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်၏လူဝင်မှုကြီးကြပ်ရေး စီမံချက်များ မက္ကဆီကိုသမ္မတဖောက်စ်ဝေဖန်

မက္ကဆီကိုစီးတီး မေ ၂၀

အမေရိကန်နိုင်ငံသည် နှစ်နိုင်ငံ မျှဝေပိုင်ဆိုင်သော နယ်စပ်ဒေသတစ်လျှောက်တွင် တံတိုင်းတစ်ခု တည်ဆောက်ခြင်းအပါအဝင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အစီအစဉ်များကို အရှိန်အဟုန်မြင့်တင် ဆောင်ရွက်နေခြင်းနှင့်ပတ်သက်၍ မက္ကဆီကိုသမ္မတ ဗင့်ဆင့်ဖောက်စ်က သောကြာနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

ဝင်ရောက်

နှစ်နိုင်ငံ နယ်စပ်ဒေသတွင် တံတိုင်းတစ်ခု တည်ဆောက်ရန် လိုအပ်မည်မဟုတ်ကြောင်း မက္ကဆီကို အစိုးရထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။ အမေရိကန်ပြည်ထောင်စုအတွင်းသို့ တရားမဝင် ရွှေ့ပြောင်းအခြေစိုက် နေထိုင်လိုသူများသည် မက္ကဆီကိုနိုင်ငံမှတစ်ဆင့် ဝင်ရောက်လျက်ရှိသည်။

အမေရိကန် အစိုးရအဖွဲ့သည် ခိုလှုံခွင့်တောင်းခံမှုကို ကန့်သတ်သည့် ဥပဒေတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ယင်းဥပဒေအရ တရားမဝင် ခိုးဝင်လာသူများအား ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးခြင်းကို တားမြစ်ပိတ်ပင်ထားသည်။ အမေရိကန်နိုင်ငံသည် မက္ကဆီကိုနယ်စပ်ဒေသ တစ်လျှောက်တွင် တံတိုင်းတစ်ခုကို တည်ဆောက်ခြင်းဖြင့် တရားမဝင် ခိုးဝင်သူများကို ဟန့်တားရန် ရည်ရွယ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ၁၉၉ မိုင်အကွာရှိ ကာရာဗလာမြို့တွင် ခုခံရေးသမားများ၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အမေရိကန်သံချပ်ကာ ယာဉ်တစ်စီးအား အီရတ်များ ဝိုင်းဝန်းကြည့်ရှုနေကြသည်ကို မေ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လုမ္ဗိနီ

မောင်သံပြုံး

ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ဟု သတ်မှတ်ခေါ်ဝေါ်ကြပါသည်။ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ဖြစ်စဉ်တော်တွင် ကဆုန်လပြည့်နေ့သည် ဖွားမြင်တော်မူသောနေ့ဖြစ်ခြင်း၊ ဘုရားဖြစ်တော်မူသောနေ့ဖြစ်ခြင်း၊ ပရိနိဗ္ဗာန်စံတော်မူသော နေ့ဖြစ်ခြင်းအပြင် ရှေးယခင်ဘဝ အဆက်ဆက် ပါရမီတော်ဖြည့်ဆည်းစဉ်ကာလ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက် သုမေဓာရှင်ရသေ့ဘဝ တစ်ခုသော ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်းတော်အဖြစ် ပထမဆုံး ဗျာဒိတ်ခံယူရရှိတော်မူသော နေ့ဖြစ်ခြင်းကြောင့် ကဆုန်လပြည့်နေ့သည် ထူးခြားလေးနက်သည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါသည်။

ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်းဟူ၍ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ ဘဝဖြစ်စဉ်တော်တွင် ထူးခြားမွန်မြတ်သည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါသည်။

ဤသို့ ထူးခြားမွန်မြတ်လှသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့အခါသမယမှာ ရှင်တော်မြတ်ဗုဒ္ဓ ဖွားမြင်တော်မူရာ လုမ္ဗိနီဒေသတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ရဟန်းရှင်လူပြည်သူအများက မကြုံစဖူး ထူးကဲသော စေတနာသဒ္ဓါတရားနှင့် ထည့်ဝင်လှူဒါန်းကြသည့် ကုသိုလ်ဒါန အလှူတော်ငွေများဖြင့် ဆောက်လုပ်လှူဒါန်းသည့် သာသနိက အဆောက်အအုံများ ဖြစ်ထွန်းပေါ်ပေါက်မှု၊ ယနေ့ အခြေအနေကို စေတနာရှင်၊ အလှူရှင်၊ ရဟန်းရှင်လူပြည်သူအများသိရှိပြီး ကြည်ညိုသဒ္ဓါတရား ပွားများနိုင်စေရန် စုစည်းတင်ပြလိုပါသည်။

လုမ္ဗိနီဒေသတွင် သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းရန် ပေါ်ပေါက်ခဲ့ရသော ဖြစ်စဉ်အစကို တင်ပြရပါက ၁၉၉၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် နီပေါနိုင်ငံ လုမ္ဗိနီဒေသ ဖွံ့ဖြိုးရေးအဖွဲ့က မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဒေသတွင် ဖွံ့ဖြိုးရေးစီမံကိန်း တစ်ခု ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ဗုဒ္ဓဘာသာ သာသနာထွန်းကားကိုးကွယ်ရာ နိုင်ငံများနှင့် အခြားနိုင်ငံများရှိ နိုင်ငံအလိုက် ဗုဒ္ဓဘာသာ အသင်းအဖွဲ့အစည်းကြီးများအား သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းရန်အတွက် မြေကွက်များ ချထားပေးမည်ဖြစ်ကြောင်း မြန်မာသံရုံးမှတစ်ဆင့် ကမ်းလှမ်းလာခဲ့ပါသည်။

ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးကို ထူးထူးကဲကဲ အားပေးချီးမြှောက်လျက်ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကလည်း မဆိုင်းမတွပင် ချထားပေးမည့် မီတာ ၁၂၀ ပတ်လည် မြေကွက်တစ်ကွက်နှင့် မီတာ ၈၀ ပတ်လည် မြေကွက်တစ်ကွက်အား သာသနိက အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းရန် ရယူမည်ဖြစ်ကြောင်း ၁၉၉၂ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် ဆုံးဖြတ်အဆိုပြုခဲ့ပါသည်။

ဗုဒ္ဓဘာသာဝင်နိုင်ငံများအနက် လုမ္ဗိနီဒေသဖွံ့ဖြိုးရေးအဖွဲ့၏ ကမ်းလှမ်းချက်ကို ပထမဆုံးတုံ့ပြန် အဆိုပြုခဲ့သော မြန်မာနိုင်ငံကို ထေရဝါဒဗုဒ္ဓဘာသာဝင် နိုင်ငံများအတွက် ချထားပေးမည့် မြေကွက်ပေါင်း ၁၈ ကွက်အနက်မှ ကြိုက်နှစ်သက်ရာ မြေကွက်နှစ်ကွက်ကို ပထမဆုံးရွေးချယ်ခွင့်ပြုခဲ့ရာ မြေကွက်များအနက်မှ ထိပ်ဆုံးဖြစ်သော ရှင်တော်မြတ်ဗုဒ္ဓ ဖွားမြင်တော်မူရာ နေရာပြ၊ အသောကကျောက်တိုင်နှင့် အနီးဆုံးမြေနှစ်ကွက်ကို ရွေးယူခွင့်ရရှိခဲ့ပါသည်။ တိကျ၊ မှန်ကန်၊ လျင်မြန်စွာ ဆောင်ရွက်တတ်သော နိုင်ငံတော်အစိုးရ၏ တုံ့ပြန်မှုကြောင့် ဤအခွင့်အရေးကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံအသီးသီး၊ အဖွဲ့အစည်းအသီးသီးက မြေကွက်နေရာကောင်းရရှိရေး ချဉ်းကပ်ကြိုးစားနေကြချိန်တွင် မြန်မာနိုင်ငံနှင့်နီပေါနိုင်ငံ၊ လုမ္ဗိနီဒေသအုပ်ချုပ်ရေးအဖွဲ့တို့အကြား မူလလျာထားသည့် မြေကွက်နှစ်ကွက် ငှားရမ်းခြင်း စာချုပ်ကို ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပထမဆုံး အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံကိုယ်စား နီပေါနိုင်ငံဆိုင်ရာ မြန်မာအသံအမတ်ကြီးက လက်မှတ် ရေးထိုးချုပ်ဆိုခဲ့ပါသည်။

တစ်ဆက်တည်းပင် နိုင်ငံတော်အစိုးရက အလှူရေစက် လက်နှင့်မကွာ စေတနာ၊ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းလေ့ ရှိကြသော ဗုဒ္ဓဘာသာဝင်ပြည်သူအများ၏ ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မည့် စေတီ၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ နှင့်ဇရပ်ဟူသည့် သာသနိက အဆောက်အအုံငါးမျိုးကို ဆောက်လုပ်လှူဒါန်းရန် ဆုံးဖြတ်ခဲ့ပြီး စတင်ဆောင်ရွက်ခဲ့ပါသည်။

ရှင်တော်မြတ်ဗုဒ္ဓ၏ သာသနာတော်နှစ် ၂၅၀၀ ကျော်အတွင်း မဇ္ဈိမဒေသရှိ သံဝေဇနိယ လေးဌာနဖြစ်သည့် ဖွားတော်မူရာ လုမ္ဗိနီဒေသ၊ သဗ္ဗညုတရွှေဉာဏ်တော်ရရှိ ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာဒေသ၊ တရားဦးဟောတော်မူရာ မိဂဒါဝုန်ဒေသနှင့် ပရိနိဗ္ဗာန်စံဝင်တော်မူရာ ကုသိနာရုံဒေသအပါအဝင် ဗုဒ္ဓဖြစ်စဉ်နှင့်ပတ်သက်ကြသည့် ဗုဒ္ဓဌာနများတွင် ယခုကဲ့သို့ ကျယ်ဝန်းသည့်ပရဝဏ်၊ မြေကွက်ပေါ်တွင် ခံ့ညားသည့်သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခွင့်မရရှိခဲ့ပါ။ ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်က ဗုဒ္ဓဂယာတွင် ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခွင့်ရကြောင်း သိရသည်။ ယခု အဆိုပါ ဇရပ်မရှိတော့ပါ။ လွတ်လပ်ရေးရပြီး ခေတ်ကာလတွင်လည်း အစိုးရနှင့်ပြည်သူတို့၏ အလှူ၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခွင့်မရခဲ့ကြပါ။ တကက်တကျကြွကြွ ကြိုးပမ်းဆောင်ရွက်မှု မရှိကြပါ။ လုမ္ဗိနီဒေသရောက် ဘုရားဖူးသူတော်စင်များမှာ ပုဂ္ဂလိကဆောက်လုပ်လှူဒါန်းထားသည့် ဘုန်းကြီးကျောင်းနှင့် အဆောက်အအုံတစ်ခုတွင်သာ တည်းခိုနေထိုင်ကြရသည်။ မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာ စေတီ၊ ကျောင်းကို မဆိုထားနှင့် မြန်မာဘုန်းတော်ကြီးကိုပင် ဖူးတွေ့ရခဲသည်။

လုမ္ဗိနီမှလွဲ၍ အခြားဗုဒ္ဓဌာနများတွင် မြန်မာဘုန်းတော်ကြီးကျောင်းများရှိကြ၍ မြန်မာ့လက်ရာစေတီပုထိုးအချို့ ဖူးတွေ့နိုင်သည်။ ရောက်ရှိ သီတင်းသုံးနေကြသည့် မြန်မာဆရာတော်များ၏ ကျေးဇူးတော်ကြောင့် မြန်မာဘုရားဖူးများ တည်းခိုနေထိုင် စားသောက်ခွင့်ရကြသည်။ အခြားနိုင်ငံများက ဆောက်လုပ်လှူဒါန်းကြသည့် ကျောင်း၊ ကန်၊ ပရဝဏ်များနှင့် နှိုင်းစာလျှင် ပုဂ္ဂလိကအလှူဒါနဖြစ်၍ ခမ်းနားကျယ်ဝန်းမှုမှာ မနှိုင်းယှဉ်သာ။ အခွင့်အခါ ကြုံကြိုက်စဉ်ကရရှိသည့် အခွင့်အရေးကို အပြည့်အဝ အသုံးချအရ မယူခဲ့ကြ၍ဟု ဆိုကြပါသည်။

ယခုသော် တပ်မတော်အစိုးရလက်ထက်၊ ရဟန်းရှင်လူပြည်သူအများ၏ ထူးကဲသော ကုသိုလ်ပါရမီကြောင့် ရှင်တော်မြတ်ဗုဒ္ဓ ဖွားမြင်တော်မူရာ လုမ္ဗိနီဒေသတွင် သာသနိက အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခွင့်ရရှိပြီဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ ၏ ဦးဆောင်မှုဖြင့် ရဟန်းရှင်လူ မြန်မာပြည်သူအများက စေတနာသဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းကြရာ အလှူငွေ လက်ခံပွဲများ အကြိမ်ကြိမ် ကျင်းပပေးရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူအများက မကြုံစဖူး ထူးကဲစွာ ထည့်ဝင်လှူဒါန်းငွေ၊ နိုင်ငံတော်အစိုးရက မတည် လှူဒါန်းငွေတို့ဖြင့် ၁၉၉၅ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ သာသနိက အဆောက်အအုံများ ဆောက်လုပ်ရေးလုပ်ငန်းများ စတင်နိုင်ခဲ့ပါသည်။

နိုင်ငံတော်က ဖွဲ့စည်းတာဝန်ပေးသည့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီး၏ ကာယ၊ ဉာဏ၊ စွမ်းအား၊ သာသနာရေးဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှု၊ မြန်မာသံရုံး၏ အနီးကပ်ကြပ်မတ် ဆောင်ရွက်ပေးမှုတို့ကြောင့် မြန်မာအစိုးရနှင့် ရဟန်းရှင်လူပြည်သူတို့၏ အလှူ၊ သာသနိက အဆောက်အအုံ ငါးမျိုးမှာ လုမ္ဗိနီဒေသတွင် ယနေ့သပ္ပာယ်၊ သေသပ်၊ ခံ့ညား၊ ဝင့်ကြွားစွာ ပေါ်ပေါက်ခဲ့ပြီ ဖြစ်ပါသည်။

လုမ္ဗိနီဒေသ သာသနိကအဆောက်အအုံများ၏ ဖြစ်စဉ်နှင့် မှတ်တမ်းဓာတ်ပုံများကို အလှူရှင်များ ကြည်ညိုသဒ္ဓါတရား ပွားများနိုင်ရန် ဆက်လက်တင်ပြလိုပါသည်။

လောကမဏိစူဠာစေတီတော်

ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်တိုင်း ဖူးမြော်ဦးခိုက်လိုကြသည့် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်၏ ပုံတူ၊ ဉာဏ်တော်အမြင့်ပေ ၆၀ ရှိ စေတီတော်ဖြစ်ပါသည်။ လုမ္ဗိနီရောက် ဗုဒ္ဓဘာသာဝင်တိုင်း ကမ္ဘာကျော် ရွှေတိဂုံစေတီတော်ပုံတူစေတီတော်ကို ဖူးမြော်ရင်း မြန်မာ့ယဉ်ကျေးမှုအနုပညာ ဗိသုကာလက်ရာကို လေ့လာတွေ့ရှိနိုင်ပါသည်။ ၁၉၉၅ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ပန္နက်တော်တင်၊ တွင်းတော်ဝန်းနှင့် အုတ်မြစ်စီ မင်္ဂလာအခမ်းအနား ကျင်းပပြီးလုပ်ငန်းစတင်ခဲ့ပါသည်။ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို သာသနာရေး ဝန်ကြီးဌာနဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာသံအမတ်ကြီးသုံးဦး (နီပေါ၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်)တို့ တက်ရောက်အုတ်မြစ်စီခဲ့ပါသည်။

၁၉၉၆ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် တည်ဆောက်ပြီးစီးသည်။ လောကမဏိစူဠာစေတီတော်၏အထက်ဌာပနာတော်သွင်းနှင့် ထီးတော်တင်လှူပွဲ မင်္ဂလာအခမ်းအနားကျင်းပခဲ့ရာ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ ဦးဆောင်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက် ချီးမြှင့်ခဲ့ပါသည်။ အခမ်းအနားသို့ နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များ၏ ဇနီးများ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးနှင့် မြန်မာသံအမတ်ကြီးတို့ တက်ရောက်ခဲ့ကြပါသည်။

ရွှေကျောင်းတော်ကြီးနှင့် အာနန္ဒာသိမ်တော်ကြီး

မြန်မာနိုင်ငံမှ ကြွရောက်သာသနာပြုမည့် ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် သံဃာတော်များ သီတင်းသုံးတော်မူရန်



လောကမဏိစူဠာစေတီတော်

မြန်မာမှုအနုပညာလက်ရာများဖြင့် တည်ဆောက်မည့် ရွှေကျောင်းတော်ကြီးနှင့် အာနန္ဒာသိမ်တော်ကြီး၏ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ၁၉၉၆ ခုနှစ် ဧပြီလ ၇ရက်နေ့တွင် ကျင်းပ၍ ဧပြီလ ၁၀ ရက်နေ့မှစပြီး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ သိမ်တော်ကြီးမှာ ၁၉၉၇ ခုနှစ် ဧပြီလတွင်ပြီးစီးခဲ့ပါသည်။ ရွှေကျောင်းတော်ကြီးမှာ ၁၉၉၈ ခုနှစ် မတ်လတွင် ပြီးစီးခဲ့ပါသည်။ ၁၉၉၈ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ရွှေကျောင်းတော်ကြီးနှင့် အာနန္ဒာသိမ်တော်ကြီးတို့၏ ရေစက်ချ မင်္ဂလာအခမ်းအနားကို တစ်ပေါင်းတည်း ကျင်းပနိုင်ခဲ့ပါသည်။

ရွှေကျောင်းတော်ကြီးနှင့် အာနန္ဒာသိမ်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မြန်မာသံအမတ်ကြီးတို့ တက်ရောက် ခဲ့ကြပါသည်။

ရေစက်ချအခမ်းအနားမကျင်းပမီ ၁၉၉၈ ခုနှစ် ဧပြီလ ၂၉ရက်နေ့ ညနေပိုင်းတွင် နိုင်ငံတော် သံဃမဟာနာယကဆရာတော် ကြီးများ ဦးဆောင်၍ အာနန္ဒာသိမ်တော်ကြီးအား သိမ်နုတ်၊ သိမ်သမုတ်ကြပါသည်။

တည်းခိုဆောင်(ဇရပ်)

လုမ္ဗိနီဒေသသို့ စဉ်ဆက်မပြတ် ရောက်ရှိကြသည့် သပ္ပုရိသနွယ်ဝင် ဘုရားဖူးသူတော်စင် ပြည်သူအများ စိတ်နှလုံးချမ်းမြေ့စွာ၊ ကိုယ်အိမ့်ကိုယ့်ရာအလား တည်းခိုနေထိုင်နိုင်ရန် နှစ်ထပ်တည်းခိုဆောင်(ဇရပ်)ကို ၁၉၉၈ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဧပြီလ ၂၈ ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။ ယင်းနေ့တွင်ပင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာသံအမတ်ကြီးတို့က ရေစက်ချ မင်္ဂလာအခမ်းအနား ကျင်းပခဲ့ပါသည်။ ရေ၊ မီး၊ ပစ္စည်းပစ္စယအစုံဖြင့် ဘုရားဖူး ၆၀ ကျော် တည်းခို နေထိုင်နိုင်သည့် သေသပ်၊ ခေတ်မီသော တည်းခိုဆောင် (ဇရပ်)ဖြစ်ပါသည်။ အောက်ထပ်တွင် ကျယ်ဝန်းသော ထမင်းစားခန်းမနှင့် ရှေ့မျက်နှာစာတွင် အနားယူရန် ပန်းဥယျာဉ် ပါဝင်ပါသည်။

တည်းခိုဆောင်တွင် နေထိုင်ဘုရားဖူးကြသည့် ရဟန်း၊ ရှင်လူပြည်သူအများ ရေပူ၊ ရေအေး အသုံးပြုနိုင်ရန် နေရောင်ခြည်သုံး ဆိုလာရေစင်တစ်ခုကို ၂၀၀၃ ခုနှစ်အတွင်း ဖြည့်စွက်တည်ဆောက်ပေးခဲ့ကြောင်း သိရှိရ ပါသည်။

သာသနာ့ဗိမာန်တော်ကြီး(ဓမ္မာရုံ)

ဘုရားဖူး ရဟန်းရှင်လူ ပြည်သူအများ တရားဘာဝနာ ပွားများအားထုတ်နိုင်ရန်နှင့် ဘာသာရေးဆိုင်ရာ အခမ်းအနားများ ကျင်းပနိုင်ရန် ခံ့ညားထည်ဝါလှသည့် မြန်မာ့ယဉ်ကျေးမှုလက်ရာ သာသနာ့ဗိမာန်တော် (ဓမ္မာရုံကြီး)ကို ၂၀၀၀ပြည့်နှစ် ဧပြီလ ၂၈ ရက်နေ့တွင် ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပဆောက်လုပ်ခဲ့ရာ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၁၇ရက်နေ့တွင် ပြီးစီး၍ ရေစက်ချအခမ်းအနား ကျင်းပနိုင်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မြန်မာသံအမတ်ကြီးတို့ တက်ရောက်ချီးမြှင့် ကြပါသည်။ လုမ္ဗိနီရှိ သာသနိက အဆောက်အအုံများအနက် ထုထည် အကြီးမားဆုံးဖြစ်သော သာသနာ့ ဗိမာန်တော်မှာ ကုန်ကျငွေအများဆုံးဖြစ်ပြီး နီပေါ ရူပီးငွေ သိန်း ၂၈၀ ကျော် ကုန်ကျကြောင်း သိရှိရပါသည်။

လုမ္ဗိနီဒေသတွင် မြန်မာနိုင်ငံအစိုးရနှင့် ရဟန်းရှင်လူပြည်သူအပေါင်းက ဆောက်လုပ်လှူဒါန်းကြသည့် သာသနိက အဆောက်အအုံအားလုံးမှာ ခံ့ညားထည်ဝါ၊ သပ္ပာယ်၊ သန့်ရှင်းသေသပ်ကြသဖြင့် ကမ္ဘာမှာ မြန်မာဟော့ဟု ဥဒါန်းကျူးရင့်ပြီး မြန်မာမှုအနုပညာ၊ ဗိသုကာလက်ရာကို ကမ္ဘာသိကြေညာနိုင်မည့် အဆင့်ရှိကြောင်း ကြားသိရ ပါသည်။ ကမ္ဘာအရပ်ရပ်မှ ဘုရားဖူးများ လာရောက် ဖူးမြော်လေ့လာကြကြောင်း ကြားသိရပါသည်။ အိန္ဒိယ နှင့် နီပေါနိုင်ငံမှ ရုပ်ရှင်အဖွဲ့များ မကြာခဏ လာရောက်ကြ၍ စိစစ်ခွင့်ပြုရသည့် အနေအထားရှိကြောင်း သိရှိရပါသည်။

လုမ္ဗိနီဒေသတွင် မြန်မာတို့၏အလှူ သာသနိက အဆောက်အအုံများ သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းမီ တည်ဆောက်ပြီးစီးခြင်းမှာ နိုင်ငံတော် အကြီးအကဲ အမှူးပြု၍ တာဝန်ရှိပုဂ္ဂိုလ်များက အချိန်နှင့်တစ်ပြေးညီ တိကျစွာ လမ်းညွှန်မှုပေး၍ ငွေကြေးမှအစ မတည်ပံ့ပိုးကူညီပေးခြင်း၊ ပြည်တွင်း၊ ပြည်ပမှ ရဟန်းရှင်လူ ပြည်သူတို့က စေတနာ သဒ္ဓါတရားထက်သန်စွာ အလှူငွေများ ပါဝင်လှူဒါန်းခြင်း၊ သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံက လိုအပ်သည်များ ကူညီပေးခြင်း၊ သာသနာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အခြားဌာနများက ပံ့ပိုးကူညီပေးခြင်း၊ တိုင်းခြားပြည်ခြားတွင် ကြီးမားသော လုပ်ငန်းတည်ဆောက်ခြင်းဖြစ်၍ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံရုံး သံအမတ်ကြီး အဆက်ဆက်နှင့် သံရုံးဝန်ထမ်းများက အနီးကပ်ကြီးကြပ်လမ်းညွှန်ပေးခြင်းတို့ကြောင့် ဖြစ်ပါသည်။ မြေကွက်များ ရယူချိန်မှစ၍ သာသနိက အဆောက်အအုံများ ဆောက်လုပ်ပြီးစီးချိန်အထိ စိတ်အားထက်သန်စွာ အနီးကပ်ကြီးကြပ်ပေးခဲ့သည့် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးများမှာ ဦးလှမြင့်ဦး၊ ဦးခင်မောင်အုန်း၊ ဦးတင်လတ်၊ ဦးတင်ဝင်း၊ ဦးနေဝင်း၊ ဦးမြင့်ဆွေနှင့် ဦးဝင်းလွင်(အိန္ဒိယ)တို့ ဖြစ်ပါကြောင်း မှတ်တမ်းပြုဖော်ပြအပ်ပါသည်။

လုမ္ဗိနီဒေသရှိ မြန်မာတို့၏ သာသနိက အဆောက်အအုံများ နောက်ဆုံးအခြေအနေနှင့် ပတ်သက်၍ ၂၀၀၄ ခုနှစ် နိုဝင်ဘာလအကုန် ဒီဇင်ဘာလဆန်းက နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်တွင် ကျင်းပသည့် ဒုတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံသို့ တက်ရောက်ခဲ့သော သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၏ ပြောကြားချက်အရ လုမ္ဗိနီဒေသတွင် သာသနိက အဆောက်အအုံ ဆောက်လုပ်ခြင်း လုပ်ငန်းများကို မြန်မာ၊ တရုတ်၊ ဂျပန်၊ ထိုင်းနှင့် သီရိလင်္ကာ နိုင်ငံတို့က အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ ဗီယက်နမ်၊ ကိုရီးယား၊ မွန်ဂိုလီးယားနိုင်ငံတို့က ဆောက်လုပ်ဆဲဖြစ်ကြောင်း၊ နီပေါနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးက လုမ္ဗိနီဒေသရှိ သာသနိက အဆောက်အအုံများအနက် မြန်မာနှင့် ဂျပန်နိုင်ငံတို့မှ အဆောက်အအုံများမှာ အထင်ရှားဆုံး၊ အခမ်းနားဆုံးဖြစ်ကြောင်း၊ မြန်မာ ရွှေကျောင်း၊ လောကမဏိ စူဠာစေတီတော်၊ အာနန္ဒနှင့် သာသနာ့ဗိမာန်တို့သို့ ရောက်ရှိလျှင် ငြိမ်းချမ်းခြင်း၊ အေးချမ်းခြင်း အရသာကို ခံစားရကြောင်း၊ မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများ ပေါ်လွင်ခမ်းနားပါကြောင်း စသည်ဖြင့် ဒုတိယဝန်ကြီးကို ပြောကြားကြောင်း သိရှိရရာ မြန်မာပြည်သူအများ ဂုဏ်ယူဝမ်းမြောက်ဖွယ် ဖြစ်ပါသည်။

ရှင်တော်မြတ်ဗုဒ္ဓ ဖွားမြင်ရာ ထူးခြားမြင့်မြတ်သည့် လုမ္ဗိနီဒေသရှိ မြန်မာနိုင်ငံအစိုးရနှင့် ရဟန်းရှင်လူ ပြည်သူများ၏ အလှူဒါန၊ သာသနိက အဆောက်အအုံများမှာ ကမ္ဘာတည်သရွေ့ တည်ရှိနေမည်သာ ဖြစ်ပါသည်။ ဆက်လက်၍လည်း လှူဒါန်းကြဦးမည် ဖြစ်ပါသည်။ စေတီတော်ရင်ပြင် ကျောက်ပြားခင်းခြင်း၊ ဂြိုဟ်တိုင်၊ တံခွန်တိုင် ဆောက်လုပ်ခြင်းများ ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ ဤသို့ ထူးခြားမွန်မြတ်လှသည့် ကုသိုလ်ဒါန အကျိုးကြောင့် မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာ၊ တိုးတက်စည်ပင် ဖွံ့ဖြိုးပြီး ရဟန်းရှင်လူ ပြည်သူအပေါင်း ကာယသုခ၊ စိတ္တသုခတို့နှင့် ပြည့်စုံစေကြောင်း၊ နိဗ္ဗာန်ကို ရက်တိုတိုဖြင့် မျက်မှောက်ပြုနိုင်စေကြောင်း ကဆုန်လပြည့် ဗုဒ္ဓနေ့ အခါသမယတွင် ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။



တာကော်အက်၊ တာဆန်းနှင့် တာပါးတံတားတို့ကို တည်ဆောက်ပေးခဲ့သည့်အတွက် သံလွင်အရှေ့ခြမ်းနှင့် သံလွင်အနောက်ခြမ်းဒေသများ တစ်ဆက်တစ်စပ်တည်းဖြစ်လာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်ရှိ သံလွင် တံတား(တာပါး)ကမ္ဗည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ရှမ်း ပြည် နယ် အေး ချမ်း သာယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်လှိုင် မူ ဆယ် ခ ရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံ လွင် တံ တား (တာပါး) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

✧ **ရှေ့ဖုံးမှ**

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယနေ့နံနက် ၈နာရီခွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၉)က တာဝန်ယူ တည်ဆောက်ပြီးစီးသွားသော ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာရွှေထန်လမ်းပေါ်ရှိ သံလွင်တံတား(တာပါး)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တံတားကမ္ဗည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

သံလွင်တံတား(တာပါး)ဖွင့်ပွဲ အခမ်းအနားကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ တံတားဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၉)မှ တာဝန်ရှိသူများ၊ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ်၊ ကုန်းကြမ်းမြို့နယ်နှင့် မူဆယ်ခရိုင် မူဆယ်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်ငြိမ်းချမ်းရေး အဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ကြားရှင်၊ ဒုတိယ ဥက္ကဋ္ဌ ဦးဖုန်ကြာဖူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းဝင်များနှင့်တပ်ဖွဲ့ဝင်များ၊ ဘင်ခရာပန်းဖွားနှင့်မင်္ဂလာ စည်တော်အကအဖွဲ့ဝင်များ၊ ရှမ်း၊ကချင်နှင့် ပလောင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မူဆယ်ခရိုင်၊ လောက်ကိုင်ခရိုင်နှင့် မူဆယ်၊ ကွတ်ခိုင်၊ တာမိုးညဲ၊ ကုန်းကြမ်းနှင့် လောက်ကိုင်မြို့နယ်တို့မှ ဒေသခံ ပြည်သူများ စုစုပေါင်း အင်အား ၂၅၀၀ ကျော် တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ အရှေ့မြောက်ဖျား ဝေးလံပြီး အစွန်အဖျားကျသည့် ဒေသတစ်ခု၌ ဒေသခံ တိုင်းရင်းသားသွေးချင်းသားရင်း ညီအစ်ကိုမောင်နှမများ၏ ကူးသန်းဆက်သွယ်သွားလာရေးပိုမိုချောမွေ့လွယ်ကူစေမည့် မြစ်ကူးတံတားတစ်စင်းကို ယခုကဲ့သို့ တည်

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောထွန်း မူဆယ် ခရိုင် ကွတ်ခိုင် မြို့နယ်ရှိ သံလွင် တံတား(တာပါး) ဖွင့်ပွဲအခမ်းအနားတွင် ဆောက်လုပ်ရေး လုပ်ငန်းနှင့် စပ် လျဉ်း ၍ ရှင်းလင်း တင်ပြစဉ်။
(သတင်းစဉ်)

ဆောက်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်အစိုးရကိုယ်စား များစွာကျေနပ်အားရမိသကဲ့သို့ ဒေသခံပြည်သူများ ဝမ်းသာပီတိဖြစ်နေမှုကို တွေ့မြင်ခံစားရသည့်အတွက်လည်း များစွာဝမ်းသာကြည်နူးမိပါသည်ဟု ပထမဦးစွာပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးကိုရှေးရှုပြီး ဒေသတစ်ခုချင်း၊ တစ်ခုချင်း၏ ဖွံ့ဖြိုးတိုးတက်မှုမှ တစ်ဆင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး သဟဇာတဖြစ်စွာ ဆက်စပ်ဖွံ့ဖြိုးတိုးတက် လာစေရအောင် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို စနစ်တကျအကွက်ချစီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရုပ်လုံးပေါ်ပြည့်စုံလာ

ယင်းသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအစီအမံများကို တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး စနစ်တကျ အကွက်ချတည်ဆောက်ပေးလျက်ရှိသည့်အတွက် ယခုသံလွင်မြစ်ကူး(တာပါး)တံတားကဲ့သို့ တည်ဆောက်ရေးလုပ်ငန်းများ တစ်ခုပြီးတစ်ခု အောင်မြင်ပြီးမြောက်လာသည့် အခါတိုင်းတွင် မျှော်မှန်းထားသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများမှာလည်း အပိုင်းလိုက် အပိုင်းလိုက် ကွက်လပ်ဖြည့်သကဲ့သို့ တဖြည်းဖြည်းချင်း ရုပ်လုံးပေါ်ပြည့်စုံလာလျက် ရှိနေပြီဖြစ်ကြောင်း။

အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေခဲ့သည့် ရှမ်းပြည်နယ်အတွင်းတွင် နိုင်ငံတော်အစိုးရက အကွက်ချ တည်ဆောက်ပေးနေသည့် လမ်း၊ တံတား စီမံကိန်းတစ်ရပ် အောင်မြင်ပြီးစီးတိုင်းမှာ ရှမ်းပြည်နယ်၏ ကူးသန်းသွားလာမှု၊ စီးပွားကုန်သွယ်ရေးအရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာမှုများသည် သိသာစွာတိုးတက်ဖြစ်ထွန်းလာသည်ကို အားရကျေနပ်ဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

အဆင့်မြှင့်တင်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ရှမ်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးမြှင့်ပေးရေးနှင့် စပ်လျဉ်း၍ အလွန်မြင့်မားသော မျှော်မှန်းချက်နှင့် လမ်းညွှန်ချက်များ ချမှတ်ပေးထားပြီးလည်း ဖြစ်ကြောင်း၊ ယင်းလမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရ အနေဖြင့် ရှမ်းပြည်နယ်၏ အချက်အချာ ဒေသတိုင်းမှာသာမက အခြားသောပြည်နယ်၊ တိုင်းဒေသများနှင့် ဆက်သွယ်ပေးသည့် ပြည်ထောင်စု လမ်းမကြီးများ အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့ကို လမ်းခရီးတစ်ဆက်တစ်စပ်တည်းဖြစ်စေရန်၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့ကြီးများ အချင်းချင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် လမ်းများဆက်စပ်ယှက်သွယ် ဖောက်လုပ်ပေးရန်၊ ရာသီမရွေးသွားလာနိုင်အောင် အဆင့်မြှင့်တင်ပေးရန် စနစ်တကျစီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့် ကြည့်မည်ဆိုလျှင် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ လွိုင်လင်-ပန်ကေတု-သီပေါလမ်း၊ ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-နောင်ချိုလမ်းတို့ကို အဆင့်မြှင့်တင်ဖောက်လုပ်ပေးခဲ့သည့်အတွက် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း ဆက်သွယ်ရေး လမ်းကြောင်းများ တိုးပွားလာသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ယခင်က ခက်ခဲစွာသွားခဲ့ရသည့် မန္တလေး-လားရှိုး-မူဆယ် လမ်းကြီးမှာလည်း ယခုဆိုလျှင် မန္တလေး-မူဆယ်နေ့ချင်းခရီးပေါက်သည်အထိ တိုးတက်ကောင်းမွန်လာခဲ့ပြီဖြစ်ကြောင်း။

ယင်းလားရှိုး-မူဆယ် လမ်းမကြီးပေါ်မှ သိန်းနီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းကို တည်ဆောက်ပေးခဲ့ပြီဖြစ်သည့်အပြင် ယခုကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာရွှေထန်လမ်းပေါ်က တာပါးကူးတို့ဆိပ်မှာသံလွင်မြစ်ကူး(တာပါး)တံတားကြီးကို တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်၍ လားရှိုး-မူဆယ် လမ်းမကြီးပေါ်ကနေ သိန်းနီ-ချင်းရွှေဟော်လမ်းနှင့်ကွတ်ခိုင်-တာရွှေထန်လမ်းတို့ကတစ်ဆင့် တရုတ်ပြည်နယ်စပ်ဒေသများအထိ လွယ်ကူစွာကူးသန်းသွားလာနိုင်ပြီဖြစ်ကြောင်း။

အထူးသဖြင့် ရှမ်းပြည်နယ်အတွင်း၌ သံလွင်မြစ်ကူး တံတားကြီးများဖြစ်သည့် တာကော်အက်တံတား၊ တာဆန်းတံတားနှင့် ယနေ့ဖွင့်လှစ်သည့် တာပါးတံတားတို့ကို တည်ဆောက်ပေးခဲ့သည့်အတွက် သံလွင်မြစ်ကြီးခြားနေ၍ ဖွံ့ဖြိုးမှုနောက်ကျနေခဲ့ရသည့် သံလွင်အရှေ့ခြမ်းဒေသများသည် သံလွင်အနောက်ခြမ်း ဒေသများနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်လာပြီး ပြည်ထောင်စုကြီး၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် တစ်ပြေးညီ ယှဉ်တွဲပါဝင်လာနိုင်သည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

မူဆယ် ခရိုင်၊ ကွတ်ခိုင်မြို့နယ်ရှိ သံ လွင် တံတား (တာပါး) ဖွင့်ပွဲတွင် ဒေသခံ တိုင်း ရင်း သား ပြည် သူ များ ကိုယ်စား ကွတ်ခိုင် မြို့နယ်မှ ဦးမြင့် လွင် ကျေးဇူးတင် စကား ပြောကြား စဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား (တာပါး)ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၇ မှ

တစ်ပြိုင်တည်းမှာပင် ရှမ်းပြည်နယ်အတွင်း ဖွံ့ဖြိုးရေးအထူးဒေသကြီးလေးခု သတ်မှတ်ပြီး စာသင်ကျောင်းများ၊ တက္ကသိုလ် ကောလိပ်များ၊ ဆေးရုံ ဆေးခန်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများ၊ ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းများ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများစသည့် လူမှုစီးပွားရေး အခြေခံကောင်းများကိုပါ စနစ်တကျ စီမံကိန်းများချမှတ်ပြီး တည်ဆောက် ထူထောင်ပေးခဲ့သည့်အတွက် ရှမ်းပြည်နယ်သည် အခြားသော ပြည်နယ်၊ တိုင်းများနှင့် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများပါ အပြန်အလှန် ဆက်စပ်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ယင်းသို့ ရှမ်းပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ အချိန်တိုအတွင်း ဖြစ်ထွန်းလာခဲ့မှုကို သုံးသပ်ကြည့်မည်ဆိုလျှင် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ဖြစ်ထွန်းနေခြင်းမှာ ပဓာနအကျဆုံးသော အခြေခံအကြောင်း တရားဖြစ်တယ်ဆိုတာလည်း ထင်ရှားနေပြီဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန် လေးစားချစ်ကြည်မှု၊ အပြန်အလှန်ယုံကြည်ကိုးစားမှု၊ အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန် ကူညီဖေးမရိုင်းပင်းမှု၊ အပြန်အလှန် အမှီသဟဲပြုမှုတို့ ပေါက်ဖွားလာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားခိုင်မာနေမှသာ တည်ငြိမ်အေးချမ်းသာယာမှု အခြေခံကောင်းများ ဖြစ်ထွန်းပြီး ပြည်ထောင်စုကြီးလည်း အဓွန့်ရှည် တည်တံ့ခိုင်မြဲမှာ ဖြစ်သည်ဆိုသည်ကို တိုင်းရင်းသားပြည်သူများအားလုံးက စွဲမြဲစွာခံယူထားကြရန် လိုအပ်မှာဖြစ်ကြောင်း။

သွေးခွဲအုပ်ချုပ်ခဲ့

ရှမ်းပြည်နယ်သည် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေးအနိဋ္ဌာရုံများကို အများဆုံးခံစားခဲ့ရသည့် ဒေသတစ်ခုဟု ဆိုရမှာဖြစ်ကြောင်း၊ ကိုလိုနီနယ်ချဲ့တို့သည် တိုင်းရင်းသားလူမျိုးများအကြား တစ်ယူသန်လူမျိုးရေး အစွဲအလမ်းများကို မျိုးစေ့ချပေးသည့်သဘောဖြင့် တောင်ပေါ်မြေပြန့် ပြည်နယ်ပြည်မဆိုပြီး သွေးခွဲအုပ်ချုပ်ခဲ့ရာတွင် ရှမ်းပြည်နယ်ကို ပဒေသရာဇ်အုပ်ချုပ်မှုပုံစံဟောင်းမှာ ခြွင်းချန်ထားခဲ့ပြီး ပြည်ထောင်စုကြီး၏ အခြားသော အစိတ်အပိုင်းဒေသများနှင့် သိသာစွာ ခွဲထုတ်ခဲ့သည်ကိုတွေ့နိုင်ကြောင်း။

ထို့အပြင် ရှမ်းပြည်နယ်မှာပင် လူမျိုးကို အညွန့်တုံးစေမည့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို ကိုလိုနီနယ်ချဲ့တို့သည် မျိုးစေ့ချပေးခဲ့ပြန်သည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရတော့မည့် အချိန်တွင်လည်း ရှမ်းပြည်နယ်ကို ၎င်းတို့လက်အောက်၌ချန်ထားခဲ့ရန် အမျိုးမျိုး ကြိုးစားခဲ့သည်ကို သမိုင်းမှာ အထင်အရှားပင်ဖြစ်ကြောင်း။

နိုင်ငံတော်လွတ်လပ်ရေး ရပြန်တော့လည်း ကိုလိုနီနယ်ချဲ့တို့ထားရစ်ခဲ့သည့်ဆိုးမွေများဖြစ်သည့်အယူဝါဒနှင့် ဂိုဏ်းဂဏအစွဲအလမ်းများ၊ တစ်ယူသန် လူမျိုးရေး အစွဲအလမ်းများ၊ ပုဂ္ဂိုလ်ရေးအစွဲအလမ်းများကြောင့် လက်နက်ကိုင် ဆန့်ကျင်မှုများဖြစ်ပေါ်ခဲ့ရပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခဲ့ရသကဲ့သို့ ပြည်သူအများ ကျီးလန့်စာစား နေခဲ့ရခြင်းများ၊ နယ်မြေဒေသဖွံ့ဖြိုးမှု နောက်ကျခဲ့ရတာများမှာ မေ့ပျောက်မရနိုင်သည့် သမိုင်းအတွေ့အကြုံ သင်ခန်းစာများပင်ဖြစ်ကြောင်း။

ကွာဟချက်ကျဉ်းမြောင်းအောင်

ထို့ကြောင့် မိမိတို့နိုင်ငံတော်၏ တာဝန်ရှိလာသည့် အချိန်အခါသမယတွင် သမိုင်းအတွေ့အကြုံ သင်ခန်းစာများနှင့်အညီ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒကို ချမှတ်ပြီး တိုင်းပြည်တည်ငြိမ် အေးချမ်းစေရအောင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြန်လည် ဖြစ်ထွန်းစေရအောင်၊ တိုင်းရင်းသား လူမျိုးများအကြား ဆူကြုံနိမ့်မြင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းပပျောက်စေရအောင် ဦးစားပေး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ ဖြူစင်ဖြောင့်မတ်သည့် စိတ်ရင်းစေတနာမှန်ကို သိမြင်ပြီး တိုင်းရင်းသားအဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း တဖွဲဖွဲဝင်ရောက်လာခဲ့သည့်အတွက် နယ်မြေဒေသ တစ်ခုပြီးတစ်ခု တည်ငြိမ်အေးချမ်းလာခဲ့ရာမှာ ရှမ်းပြည်နယ် ဒေသက စတင်ခဲ့သည်မှာလည်း ခါးသီးသည့် သမိုင်းအတွေ့အကြုံများက လွတ်မြောက်လိုသည့် ရှမ်းပြည်နယ်ရှိ ပြည်သူများ၏ ခံစားချက်အစစ်အမှန်ဟု ဆိုရမှာဖြစ်ကြောင်း။

သို့သော်လည်း ပြည်ထောင်စုကြီးကို ဖဲ့ထုတ်ဖြိုခွဲပြီး ၎င်းတို့ဩဇာအာဏာအောက် တစ်စချင်းသွတ်သွင်း

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား(တာပါး)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့်
ပြည်ထောင်စုကြီးတစ်ရပ်လုံးမှာ အပြုသဘော အခြေခံကောင်

ရန် အစဉ်တစိုက် ကြိုးစားလုပ်ဆောင်နေသည့် ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ၎င်းတို့၏ လက်ဝေခံအဖျက်သမားများသည် ရှမ်းပြည်နယ်က အစပြုပြီး တစ်ယူသန် လူမျိုးရေး အစွဲအလမ်းများ၊ အာဃာတများ ပြန်လည်သွတ်သွင်း သွေးခွဲနိုင်စေရန် အတွက် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး ပျက်ပြားစေမည့် လုပ်ဇာတ်ခင်းစွပ်စွဲမှုများ၊ ပြည်ထောင်စုကြီး ပြိုကွဲစေမည့် အစီအမံများကို စနစ်တကျ ပြည်တွင်း ပြည်ပ ချိန်ကိုက်လှုပ်ရှား လုပ်ဆောင်လာနေသည်ကိုရှမ်းပြည်နယ်က တိုင်းရင်းသားပြည်သူများအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အခြေခံနှင့် အစဉ်အမြဲသတိပြု ဆန့်ကျင်ချေမှုန်းကြရန် လိုအပ်မှာဖြစ်ကြောင်း။

ကိုလိုနီနယ်ချဲ့တို့ ရည်ရွယ်ချက်ရှိရှိဖြင့် စနစ်တကျ ဖန်တီးထားရစ်ခဲ့သည့် တစ်ယူသန်လူမျိုးရေး အစွဲအလမ်းများ၊ တိုင်းရင်းသားလူမျိုးများအကြား သံသယပွား အချင်းများ

စေမှုများကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလူမျိုးများ အောင်မြင်စွာ လက်တွဲတွန်းလှန် ဖယ်ရှားပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု၊ အေးချမ်းသာယာမှု၊ ပေါင်းစည်းလက်တွဲမှု အခြေခံကောင်းများ ပြန်လည်တည်ဆောက်လာနိုင်ခဲ့သည်မှာ ဆယ်စုနှစ် တစ်နှစ်ကျော်ခန့်သာ ရှိသေးကြောင်း။

ယနေ့ထက်တိုင်လည်း ကိုလိုနီနယ်ချဲ့၏ ဆိုးမွေများဖြစ်သည့် မူးယစ်ဆေးဝါး အန္တရာယ်နှင့် တိုင်းရင်းသားလူမျိုးများအကြား ဆူကြုံနိမ့်မြင့်ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်တို့ ရှမ်းပြည်နယ်အတွင်းက အပြီးတိုင်ပပျောက်သွားစေရအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြရဆဲပင် ဖြစ်ကြောင်း။

တစ်ပတ်လည်မလာစေရန်

ထို့ကြောင့် ကိုလိုနီနယ်ချဲ့၏ အနိဋ္ဌာရုံဆိုးမွေများ ရှမ်းပြည်နယ်အတွင်း ပြန်လည်တစ်ပတ်လည်မလာစေရန် အဖျက်သမားများ၊ ပြည်ထောင်စု ဖြိုခွဲရေးသမားများ၏ အန္တရာယ်ကို ဒေသခံ တိုင်းရင်းသားပြည်သူများအားလုံးက ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ တစ်စိတ်တည်း တစ်ဝမ်းတည်း လက်တွဲပေါင်းစည်းပြီး အစဉ်တစိုက် တွန်းလှန်တိုက်ဖျက်သွားကြရန် လိုအပ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်အင်အားစု (၃)ရပ်၏ ခိုင်မြဲသည့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှု စွမ်းအားကြောင့် ရှမ်းပြည်နယ် အပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံးမှာ တည်ငြိမ်အေးချမ်းမှု၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု၊ ပြည်သူများ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားမှု အပြုသဘော အခြေခံ ကောင်းများသည် ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာ ဖြစ်ထွန်းစပြုလာနေပြီလည်း ဖြစ်ကြောင်း။

လက်တွဲကြိုးပမ်း

ဤအခြေအနေ အချိန်အခါကောင်းတွင် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တိုးပွားဖြစ်ထွန်းပြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်သူများလိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန်အတွက်နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို တစ်မျိုးသားလုံး လက်တွဲကြိုးပမ်း အကောင်အထည်ဖော်လျက် ရှိနေပြီလည်းဖြစ်ကြောင်း။

နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းရင်းသားလူမျိုးများအားလုံး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ပေါင်းစည်းယှက်နွယ် နေထိုင်ရင်း လက်တွဲထူထောင်ခဲ့ကြသည့် ပြည်ထောင်စုကြီးအရေးကြုံ တိုင်းတွင် တစ်သွေးတည်းတစ်သားတည်း လက်တွဲကာကွယ်ခဲ့ကြသည့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန်နှင့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတကာ အလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရန်မှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အဆင့်ဆင့် အကောင်အထည်ပေါ် ဖြစ်ထွန်းလာရေးသည် အဓိကပင်ဖြစ်ကြောင်း။

အမျိုးသားရေးသတိ

ထို့ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပြိုကွဲအောင်၊ ပြည်ထောင်စုကြီးဆိုသည့် အသိုက်အမြုံပျက်စီးသွားအောင် နည်းလမ်းအဖုံဖုံရှာပြီး တစ်မျိုးပြီးတစ်မျိုး အမြဲမပြတ် ဖန်တီးလုပ်ဆောင်နေကြသည့် အဖျက်အမှောင့်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားလူမျိုးများအားလုံးက အမျိုးသားရေးသတိနှင့် တွန်းလှန်ချေမှုန်းရင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အကောင်အထည် ပေါ်လာစေရအောင် ပြည်ထောင်စုကြီး၏သမိုင်း အစဉ်အလာကောင်းများနှင့် အညီ တက်ညီလက်ညီ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အစိုးရ၏ ဖြူစင်ဖြောင့်မတ်သည့် စိတ်ရင်းစေတနာမှန်ကြောင့် ဖြစ်ထွန်းလာသည့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို အကျိုးရှိထိုက်တန်စွာ အသုံးချပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်မှုက တစ်ဆင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရအောင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးတက်ခိုင်မာပြီး ပြည်ထောင်စုကြီး အစဉ်ထာဝရတည်တံ့ခိုင်မြဲစေရအောင်တိုင်းရင်းသားလူမျိုးများအားလုံးက ပြည်ထောင်စု စိတ်ဓာတ် အခြေခံဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက သံလွင်တံတား(တာပါး) ဆောက်လုပ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ဒို့တာဝန်အရေးသုံးပါးဆိုသည့် အမျိုးသားရေးမူဝါဒကို ချမှတ်ပြီး နိုင်ငံတော်ကို အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာရန် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ရန် တိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်ခဲ့တာ တွေ့ရမှာဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ လမ်းနှင့်တံတားများကို နေ့မအား ညမနား အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့ရာ ယခုဆိုလျှင် လမ်းမိုင် ၅၀၀၅ မိုင် တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သကဲ့သို့ ပေ ၁၈၀ နှင့်အထက် တံတားကြီးများမှာလည်း ယနေ့အထိ တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ယခုဆိုလျှင် ၁၉၈ စင်းရှိနေပြီး ဆောက်လုပ်ရေးတစ်ခုတည်းက ဤတံတားအပါအဝင် ၁၈၂စင်း တည်ဆောက်ပေးပြီးဖြစ်ကြောင်း။

တာပါးတံတားကို ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်နှင့်လောက်ကိုင်ခရိုင်ကို ဆက်သွယ်လာနိုင်မည့် ကွက်ခိုင်-တာမိုးညဲ-မုံးစီး-တာရွှေထန် လမ်းပေါ်၌ သံလွင်မြစ်ကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ ယနေ့အထိ သံလွင်မြစ်ပေါ်တွင် ဤတံတားအပါအဝင် တံတား ငါးစင်း တည်ဆောက်ဖွင့်လှစ်ပေးပြီး ဖြစ်ကြောင်း၊ ယင်းတို့မှာ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းကို ဆက်သွယ်သွားလာနိုင်သည့် တာဆန်းတံတား၊ ကရင်ပြည်နယ် ဘားအံမြို့၌ သံလွင်တံတား(ဘားအံ)၊ မွန်ပြည်နယ်၌ မုတ္တမနှင့် မော်လမြိုင်ကို ဆက်သွယ် ဖောက်လုပ်ထားပြီး နှစ်မိုင်

နိုင်ငံတော် အေးချမ်းသာယာရေး... အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်း... ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား(တာ... တက်ရောက်လာသော ဒေသခံပြည်သူများအာ...

ဲ့စေရန်နှင့် ...င့်တသည့် ...တ်မိဖွံ့ဖြိုး ...ကမ်းပြည့်ဝ ...်တော်ကြီး ...်နိုင်ငံတော် ...ဒလမ်းစဉ် ...း လက်တွဲ ...့ဖော်လျက် ...။ ...ည့် သမိုင်း ...င်းရင်းသား ...ခတူပူအမျှ ...စည်းယုက် ...ဲ့ထူထောင် ...ိုးအရေးကြုံ ...းတစ်သား ...ခဲ့ကြသည့် ...ည်သရွေ့ ...လွတ်လပ် ...ပိုင် နိုင်ငံ ...င်ငံတကာ ...တယ်တယ် ...ဲ့နိုင်စေရန် ...်သွားမည့် ...အဆင့်ဆင့် ...စ်ထွန်းလာ ...ကြောင်း။

ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ဒို့တာဝန်အရေးသုံးပါးဆိုသည့် အမျိုးသားရေးမူဝါဒကို ချမှတ်ပြီး နိုင်ငံတော်ကို အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာရန် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ရန် တိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့တာ တွေ့ရမှာဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ လမ်းနှင့်တံတားများကို နေ့မအား ညမနားအကောင်အထည်ဖော် တည်ဆောက်ပေးခဲ့ရာ ယခုဆိုလျှင် လမ်းမိုင် ၅၀၀၅ မိုင် တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သကဲ့သို့ ပေ ၁၈၀ နှင့်အထက် တံတားကြီးများမှာလည်း ယနေ့အထိ တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ယခုဆိုလျှင် ၁၉၈ စင်းရှိနေပြီး ဆောက်လုပ်ရေးတစ်ခုတည်းက ဤတံတားအပါအဝင် ၁၈၂စင်း တည်ဆောက်ပေးပြီးဖြစ်ကြောင်း။

တာပါးတံတားကို ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်နှင့်လောက်ကိုင်ကျော်ရှည်သည့် မြန်မာနိုင်ငံတွင် လက်ရှိအရှည်ဆုံးနှင့် အကြီးဆုံးတံတားကြီးဖြစ်သည့် သံလွင်တံတား (မော်လမြိုင်)၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာပင် တန့်ယန်း-ပန်ဆန်းလမ်းပေါ်က တာကော်အက်တံတားနှင့် ယနေ့ ဖွင့်လှစ်သည့် တာပါးတံတား တို့ဖြစ်ကြောင်း။

တစ်နှစ်ခွဲကာလ

တာပါးတံတားကို ၁-၁၁-၂၀၀၃ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တံတား တည်ဆောက်ရေး ပစ္စည်းများကိုလည်း ရန်ကုန်-မန္တလေး-လားရှိုး-ကွတ်ခိုင်ကတစ်ဆင့် လုပ်ငန်းခွင်ရောက်အောင် အဆင့်ဆင့် ပို့ဆောင်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ စက်၊ ယာဉ်၊ ယန္တရားများ၊ တည်ဆောက်ရေးပစ္စည်းများ စုဆောင်းပြီးချိန်မှာ မိုးတွင်းကာလ ဖြစ်သော်လည်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ရေစီးအလွန်သန်သည့် သံလွင်မြစ်အတွင်းတွင် တံတားအုတ်မြစ်လုပ်ငန်း၊ ကြိုးထိန်းခုံနှင့် တာဝါတိုင် အုတ်မြစ်လုပ်ငန်းများကို ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရကြောင်း၊ ယင်းလုပ်ငန်းများပြီးသည့် အခါတွင်

...းရင်းသားပြည်သူများနှင့် တပ်မတော် အင်အားစုသုံးရပ် ပူးပေါင်းကြိုးပမ်းမှုစွမ်းအားကြောင့် ...သဘော အခြေခံကောင်းများ ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာ ဖြစ်ထွန်းစပြုလာနေ

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား(တာပါး) မုခ်ဦးရှေ့တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား(တာပါး) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

...တိ

...း စည်းလုံး ...ည်ထောင်စု ...ခမြို့ပျက်စီး ...ခဖုံဖုံရှာပြီး ...ဲ့တ် ဖန်တီး ... အဖျက် ...န္တ ရာယ်ကို ...အားလုံးက ... တွန်းလှန် ...ဆက်သွား ... အောင်မြင် ...ါလာစေရ ...း၏သမိုင်း ...င့် အညီ ...ွဲပူးပေါင်း ...တိုက်တွန်း

...ပြောကြားလို ...၏ ဖြူစင် ...င်းစေတနာ ...သည့် ဒေသ ...ခံကောင်း ...ာ အသုံးချ ...တက်မှုက ...တစ်ရပ်လုံး ...တက်စေရ ...းစည်းလုံး ...်ခိုင်မာပြီး ...စဉ်ထာဝရ ...င်းရင်းသား ...ည်ထောင်စု ...စည်းစည်း ... ပူးပေါင်း ...က်သွားကြ ...င်း နိဂုံးချုပ် ...ကြားသည်။

...

...က်လုပ်ရေး ...ပ်စောထွန်း ...း) ဆောက် ...စပ်လျဉ်း၍

ခရိုင်ကို ဆက်သွယ်လာနိုင်မည့် ကွက်ခိုင်-တာမိုးညဲ-မုံးစီး-တာရွှေထန် လမ်းပေါ်၌ သံလွင်မြစ်ကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ ယနေ့အထိ သံလွင်မြစ်ပေါ်တွင် ဤတံတားအပါအဝင် တံတား ငါးစင်း တည်ဆောက်ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ယင်းတို့မှာ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းကို ဆက်သွယ်သွားလာနိုင်သည့် တာဆန်းတံတား၊ ကရင်ပြည်နယ် ဘားအံမြို့၌ သံလွင်တံတား(ဘားအံ)၊ မွန်ပြည်နယ်၌ မုတ္တမနှင့် မော်လမြိုင်ကို ဆက်သွယ် ဖောက်လုပ်ထားပြီး နှစ်မိုင်လည်း အမြန်ဖွင့်လှစ်နိုင်အောင် တံတားအပေါ်ထည် သံမဏိကြိုးတပ်ဆင်ခြင်းနှင့် သံပေါင်တပ်ဆင်သည့် လုပ်ငန်းများကို ကမ်းနှစ်ဖက်စလုံးကနေ တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ယခုကဲ့သို့ တစ်နှစ်ခွဲကာလအတွင်းတွင် တံတားကို ဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်ကြောင်း။

တာပါးတံတားကြီး အချိန်မီပြီးစီးအောင် တည်ဆောက်နိုင်ရန် အဘက်ဘက်က ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့သည့် တိုင်းမှူးနှင့်တကွ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် နယ်စပ်ဒေသများပါ မကျန် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းလမ်းစဉ်တွေမှာ ဝန်ကြီးဌာနအသီးသီးက လုပ်ဆောင်နိုင်ကြောင်း၊အဓိကလိုအပ်သည့်လမ်းပန်းဆက်သွယ်မှုများ ချောမွေ့အောင် ယခုကဲ့သို့ အရေးပါသည့်လမ်းများ၊ တံတားများကို အထူးကြိုးစားပြီး ဆက်လက်တည် ဆောက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ကြီးမားသောအကျိုးကျေးဇူး

ဆက်လက်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံနှင့်အဝန်း ပေ ၁၈၀ အထက် အရှည်ရှိသော တံတားကြီးပေါင်း ၁၉၈ စင်း အကောင်အထည် ဖော်နိုင်ခဲ့ပြီးဖြစ်ရာတွင် မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တန်ဖိုးမဖြတ်နိုင်သည့် သဘာဝအလှ၊ သဘာဝသယံဇာတ၊ သဘာဝသင်္ကေတလက္ခဏာများဖြစ်ကြသည့် ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်ကြီးများအပေါ်၌ တည်ဆောက်ထားကြသည့် မြစ်ကူးတံတားကြီးများသည် နိုင်ငံတော်အတွက် အထူးအားကိုးအားထား အသုံးဝင်သော အခြေခံအဆောက်အအုံကြီးများ ဖြစ်သကဲ့သို့ မြစ်ကြီးများ၏ ဝဲယာ တစ်ဖက်တစ်ချက်တွင် မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားညီအစ်ကိုများအချင်းချင်း ပိုမိုချစ်ကြည် ရင်းနှီးစေရန်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုရင့်သန်ခိုင်မာစေရန်၊ ကြီးမားသောအကျိုးကျေးဇူးများကို ဖြစ်ထွန်းစေလျက်ရှိကြောင်း။

နိုင်ငံနှင့်အဝန်း ဧရာဝတီမြစ်ကူး တံတားကြီး ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူး တံတားကြီး နှစ်စင်း၊ စစ်တောင်းမြစ်ကူးတံတားကြီးတစ်စင်းတို့ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်သည့်နည်းတူ မိမိတို့ ရှမ်းပြည်နယ်ကို မြောက်မှတောင်သို့ ဖြတ်သန်း စီးဆင်းလျက်ရှိနေသည့် သံလွင်မြစ်ပေါ် တည်ဆောက်ထားသော မြစ်ကူးတံတားကြီးများဖြစ်ကြသော ယနေ့ဖွင့်လှစ်လိုက်သည့် ပေ ၆၀၀ အရှည်ရှိ တာပါးတံတားကြီး အပါအဝင် ပေ ၆၀၀ အရှည်ရှိ တာကော်အက်တံတား၊ ပေ ၉၀၀ အရှည်ရှိ တာဆန်းတံတား၊ ၂၂၅၂ပေ အရှည်ရှိ ဘားအံတံတား၊ ၁၁၅၇၅ ပေ အရှည်ရှိ မြန်မာပြည်တွင် အရှည်လျားဆုံး သံလွင်မြစ်ကူး(မော်လမြိုင်) တံတားကြီးတို့ကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

လမ်းကြောင်းပေါ်တည်ရှိ

ယခုဖွင့်လှစ်လိုက်သည့် တာပါးတံတားကြီးမှာ နိုင်ငံတော်ပိုင်နက်နယ်နိမိတ်၏ အရှေ့ဘက် အစွန်အဖျား၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသ တိုင်းရင်းသားပြည်သူများနှင့်အကြား၊ မန္တလေး-လားရှိုး-ကွတ်ခိုင် - မူဆယ် - နမ့်ခမ်း ပြည်ထောင်စုလမ်းမကြီးကိုဆက်သွယ်ပေးနေသည့် တာမိုးညဲ-မုံးစီး-တာပါး-လောက်ကိုင် လမ်းကြောင်းပေါ်တွင် တည်ရှိသည့်တံတားကြီးဖြစ်ကြောင်း။

ဤတံတားကြီးကို တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းအားဖြင့် ဒေသနေပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးများကို အဘက်ဘက်တွင် တိုးတက်ဖြစ်ထွန်းစေရန် အထောက်အပံ့ ရရှိစေမည်သာမက ပြည်ထောင်စုတိုင်းရင်းသား သွေးချင်းညီအစ်ကိုများအချင်းချင်း ပိုမိုရင်းနှီးချစ်ကြည် စည်းလုံးမှုကိုလည်း များစွာတိုးတက် ဖြစ်ထွန်းလာစေနိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ *

ပြည်ထောင်စုကြီးကို ဖဲ့ထုတ်ဖြိုခွဲပြီး ၎င်းတို့သြဇာအာဏာအောက် တစ်စချင်းသွတ်သွင်းရန် အစဉ်တစိုက် ကြိုးစားလုပ်ဆောင်နေသည့် ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ၎င်းတို့၏ လက်ဝေခံအဖျက်သမားများသည် ရှမ်းပြည်နယ်ကအစပြုပြီး တစ်ယူသန်လူမျိုးရေးအစွဲအလမ်းများ၊အာဃာတများ ပြန်လည်သွတ်သွင်း သွေးခွဲနိုင်စေရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားစေမည့် လုပ်ဇာတ်ခင်းစွပ်စွဲ မှုများ၊ ပြည်ထောင်စုကြီး ပြိုကွဲစေမည့် အစီအမံများကို စနစ်တကျ ပြည်တွင်း ပြည်ပ ချိန်ကိုက်လှုပ်ရှား လုပ်ဆောင်လာနေသည်ကို ရှမ်းပြည်နယ်က တိုင်းရင်းသားပြည်သူများအားလုံးက ပြည်ထောင်စုစိတ်ဓာတ် အခြေခံနှင့် အစဉ်အမြဲ သတိပြု ဆန့်ကျင်ချေမှုန်းကြရန်လို။

* စာမျက်နှာ ၉ မှ

ဤတံတားကြီးကို အချိန်တိုကာလအတွင်း တည်ဆောက်ပြီးစီးအကောင်အထည်ပေါ်လာစေရေးအတွက် နေ့ညအားသွန်ကြိုးပမ်း တည်ဆောက်ခဲ့ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ၊ တံတားကြီး တည်ဆောက်ပြီးစီးရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသော ဒေသနေ တိုင်းရင်းသား ပြည်သူများအားလုံးတို့ကို အထူးပင် ဝမ်းမြောက်ဂုဏ်ယူကျေးဇူးတင်ရှိပါကြောင်းနှင့် ဤတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း နိုင်ငံ့ဝန်ထမ်းများ၊ ဒေသနေ တိုင်းရင်းသား ပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးသွားကြပါရန်လည်း တိုက်တွန်းအပ်ပါကြောင်း။

ယနေ့ အသစ်တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သော သံလွင်မြစ်ကူး(တာပါး) တံတားကြီးသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံ လိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကဏ္ဍအတွက် ခိုင်မာသည့် အခြေခံအဆောက်အအုံတစ်ခုကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည့်နည်းတူ ဒေသနေပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရေးအတွက် အလွန်အရေးပါသော အခြေခံအဆောက်အအုံသစ်ကြီး တစ်ခုကိုကြရသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ကွတ်ခိုင်မြို့နယ်မှ ဦးမြင့်လွင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် တံတားထိပ်မုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က သံလွင်တံတား(တာပါး)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သံလွင်တံတား(တာပါး) ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ တံတားသစ်ကြီး၏ မုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်မှုကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ လားရှိုးမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြမ်းခင်း၊ သံမဏိသံပေါင်ကြိုးတံတားဖြစ်သည်။ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေး

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံ လဲလှယ်ပြီးသော ဦးအိုက်မုန်း၊ ဦးကန်န၊ ဦးဂုဏ်ခေး တို့နှင့် ယနေ့နံနက် ၁၁နာရီခွဲတွင် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာခန်းမ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မှာကြားရာတွင် ယခင်က ဥပဒေဘောင်အတွင်း တိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း နယ်မြေဒေသအတွင်း ငြိမ်းချမ်းမှု အပြည့်အဝရရှိပြီး ယခင်က ဖြစ်ပေါ်ခံစားခဲ့ကြရသည့် ကြောက်လန့်မှု၊ စိုးရိမ်ပူပန်မှုများ လွတ်ကင်းပပျောက်ပြီး မိမိတို့၏ အသက်မွေးဝမ်းကျောင်းမှု စီးပွားရေးလုပ်ငန်းများ အေးချမ်းစွာ ဆောင်ရွက်နိုင်ကြတော့မှာဖြစ်ကြောင်း။

အပြည့်အဝအေးချမ်းသာယာ

နယ်မြေဒေသတစ်ခုလုံးနှင့် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခု အပြည့်အဝ အေးချမ်းသာယာမှုများ ဖြစ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

ဤသည်မှာ ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ကြသည့် လက်နက်ကိုင်အဖွဲ့ဝင်များအတွက်ရော တိုင်းရင်းသားပြည်သူများအတွက်ပါ စစ်မှန်ပြည့်ဝသည့် ငြိမ်းချမ်းမှုပင်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားများ လူနေမှုအဆင့် မြင့်မားစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊အလားတူပင် နိုင်ငံတော်၏ လူဦးရေအများဆုံးနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကိုလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်းလုပ်ငန်းများ လျင်မြန်စွာ အကောင်အထည်ပေါ်စေရန် တိုင်းရင်းသားပြည်သူများနှင့်အတူ ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း၊ ပြည်သူများနည်းတူ တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကိုခံယူရင်း နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက် သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်ပြီးသော မန်တုံဒေသ၊ စယ်အူဒေသနှင့် နမ့်ပေါင်ဒေသတို့၌ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေတို့ကို ပဏာမရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က အဆိုပါဒေသများအတွင်း ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ ထပ်မံပံ့ပိုးဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့



မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား(တာပါး)ကို ဝေဟင်မှ တွေ့မြင်ရစဉ်။ (သတင်းစဉ်)

တိုးတက်တည်ဆောက်အကောင်အထည်ဖော်ပေးနိုင်ခဲ့ခြင်း ဖြစ်သည့်အတွက် ဒေသနေ တိုင်းရင်းသားပြည်သူများအားလုံး၏ကိုယ်စား နိုင်ငံတော်အစိုးရကို အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် လမ်းတံတားများ တိုးတက် ကောင်းမွန်လာမှုကြောင့် နယ်မြေဒေသအလျင်အမြန် တိုးတက်လာပြီး တိုင်းရင်းသား ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး မြင့်မားတိုးတက်လာသည့် အကျိုးကျေးဇူးများ လက်တွေ့ခံစားလာနေ

နှုတ်ဆက်အားပေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သံလွင်တံတား (တာပါး)ကို ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယခုဖွင့်လှစ်လိုက်သော သံလွင်တံတား(တာပါး)သည် ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာရွှေထန် လမ်းပေါ်၌ တည်ရှိသည်။ မူဆယ်ခရိုင်နှင့် လောက်ကိုင်ခရိုင်တို့ကို ဆက်သွယ်ထားသည့် အတိုဆုံးလမ်းကြောင်း တစ်ခုဖြစ်ပြီး တံတားအရှည်မှာ ပေ ၆၀၀၊ ယာဉ်သွားလမ်း အကျယ် ၁၆ပေ လေးလက်မရှိသည်။

တံတား၏ အုတ်မြစ်မှာ Pile Foundation အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံကူကွန်ကရစ်ဝင်ရောက်ခဲ့ကြသည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၁)မှ ဦးကန်န၊ တပ်မဟာ(၁၉)မှ ဦးဂုဏ်ခေးနှင့် ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ (PSLA) မှ ဦးအိုက်မုန်းတို့အနေဖြင့် ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ကြပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ကြသည့် အဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ မိဘ၊ ဆွေမျိုး၊ ဇနီး၊ သားသမီးများ၏ ရင်ခွင်သို့ ပြန်လည်ရောက်ရှိကြပြီး အေးချမ်းသာယာသည့် မိသားစုဘဝများကို ရရှိခံစားကြရတော့မှာဖြစ်သလို မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လွတ်လွတ်လပ်လပ် လုပ်ကိုင် ဆောင်ရွက်နိုင်ကြမှာဖြစ်ကြောင်း။

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၂-၅-၂၀၀၅ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	သာသနာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	ဝါသနာရှင်စင်မြင့်
၈း၀၅	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၈း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	အန္တရာယ်ကင်းသောမိခင်ဘဝ
၈း၃၅	ပြည်တွင်းသတင်းအကျဉ်း
၈း၄၀	Sunday Talk
၉း၄၀	မိုးလေဝသခန့်မှန်းချက်
၉း၄၅	အထွက်ကောင်း အရည်အသွေးကောင်း မော်ဘီ(၃) စပါးမျိုးသစ်
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	UEFA Stories Best Game
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	မြန်မာစာမြန်မာစကား
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

➤ စာမျက်နှာ ၁၀ မှ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေတို့က မိမိတို့ ဝန်ကြီးဌာနအလိုက် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားကာ တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် လားရှိုးမြို့မှ ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

တွေ့ဆုံ

အတွင်းရေးမှူး(၁)၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဋ္ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်မှုကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့သည် မေ ၂၀ရက် ညပိုင်းတွင် လားရှိုးမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဋ္ဌေးဦးက နိုင်ငံတော်၏ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပါဝင်လုပ်ဆောင်မှုကဏ္ဍ၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် ပြည်သူများနှင့် အတူ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ပေးအပ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်မှုကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အရန်အင်အားတိုးပွားရေး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်ငါးရပ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး မှာကြားပြီး စစ်မှုထမ်းဟောင်း ဝတ်စုံများကိုတာဝန်ရှိသူတို့ထံပေးအပ်သည်။

အလားတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် မေ ၂၀ရက် မွန်းလွဲ ၁နာရီတွင် လားရှိုးမြို့ အမှတ်(၁)မူကြိုကျောင်းသို့ ရောက်ရှိရာ မူကြိုကျောင်း တာဝန်ခံ ဆရာမဒေါ်လှလှဋ္ဌေးက ကျောင်းနှင့် ပတ်သက်၍ တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ကလေးငယ်များအတွက် စားစရာများ၊ သင်ကြားမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ စက်ဘီးများ ပေးအပ်သည်။

ယင်းမှတစ်ဆင့် အမှတ်(၂) မူကြိုကျောင်းသို့ရောက်ရှိရာ မူကြိုကျောင်း တာဝန်ခံ ဆရာမ ဒေါ်ဗျက်စိမ်းက ကျောင်းနှင့် ပတ်သက်၍ တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကလေးငယ်များအတွက် စားစရာများ၊ သင်ကြားမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ စက်ဘီးများ ပေးအပ်သည်။

ဆက်လက်၍ လားရှိုးမြို့ လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး ဦးအောင်သန်းညွှန့်က ကျောင်းနှင့် ပတ်သက်၍ တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းသားများအား နှုတ်ဆက်အားပေး ဆုံးမစကားပြောကြားပြီး ကျောင်းသားများအတွက် စောင်၊ အနွေးထည်၊ အဝတ်အထည်များ ပံ့ပိုးပေးအပ်သည်။

(သတင်းစဉ်)

မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) လှုံ့ဆော်ရေး ပိုစတာစိုက်ထူ

ရန်ကုန် မေ ၂၁

မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) လှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို မေ ၁၉ ရက် ညနေ ၃ နာရီတွင် မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်ရှိ ပြည်နယ်ခန်းမရှေ့၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်/ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နာယက၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)လှုံ့ဆော်ရေး မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပစ္စည်းများပေးအပ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား လားရှိုးမြို့ မူကြိုကျောင်းအတွက် အစားအသောက်ပစ္စည်း၊ သင်ထောက်ကူပစ္စည်းနှင့် ကစားစရာစက်ဘီးများ ပေးအပ်စဉ်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သန်းဋ္ဌေး နွေရာသီသင်တန်းများဆင်းပွဲ တက်ရောက်

ရန်ကုန် မေ ၂၁

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဋ္ဌေးသည် ယနေ့နံနက်ပိုင်းတွင် မော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ နွေရာသီသင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသား၊ သင်တန်းသူများအား ဆုများပေးအပ်ကာ အသင်း၏သင်တန်းအသီးသီးတွင် အသုံးပြုရန် အလှူငွေများကို မြို့နယ်အသင်း အတွင်းရေးမှူးထံ ပေးအပ်သည်။

အဆိုပါ နွေရာသီသင်တန်းများကို မော်ဘီမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၈၂(၄၆)စု၌ သင်တန်းနေရာပေါင်း ၇၆ ခု ဖွင့်လှစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ၂၀၀၅ ခုနှစ် မတ်နှင့် ဧပြီတို့တွင် နှစ်ကြိမ်ခွဲ၍ သင်တန်းသား၊ သင်တန်းသူပေါင်း ၄၀၀၀ကျော်ခန့်ကို အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ကွန်ပျူတာအခြေခံသင်တန်း၊ အားကစား အခြေခံသင်တန်းများ သင်ကြားပို့ချပေးခဲ့သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် တိုက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးသို့သွားရောက်ပြီး မြို့နယ်အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အသင်းကြီးက ချမှတ်ထားသော လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မိမိတို့မြို့နယ်အတွင်းရှိ မြို့နယ်၊ ရပ်ရွာလုံခြုံရေး၊ အဖျက်အမှောင့်အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့်အတူ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး သင်တန်းများတွင် အသုံးပြုရန် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် မြို့နယ်အသင်းက ဆောင်ရွက်လျက်ရှိသော နှစ်တို၊ နှစ်ရှည် စိုက်ပျိုးရေးလုပ်ငန်းများကို စစ်ဆေးသည်။

(သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဋ္ဌေး မော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ နွေရာသီသင်တန်းများမှ ဆုရထူးချွန် သင်တန်းသားတစ်ဦးအား ဆုပေးအပ်စဉ်။ (စွမ်းအင်)

ရန်ကုန်မြို့ ဒဂုံမြို့နယ် အလုံလမ်း အမှတ်(၃၀၈)နေ ကွယ်လွန်သူ ဦးဝင်းအောင်အား ရည်စူး၍ ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးကြည်နှင့် သားသမီးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မေ ၂၁

ဦးလှမိုးသည် ကစားဖော်များဖြစ်ကြသော ဦးကျော်ခင်၊ ဦးသိန်းဖေနှင့် ဦးခင်ရွှေတို့နှင့်အတူ ယမန်နေ့က မြန်မာ ဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Pinnacle (Exception) ဘောလုံးကို Callaway Wood(3)တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၇ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၅-၂၀၀၅ (တနင်္ဂနွေနေ့)

၁၃၆၇ခုနှစ်၊ ကဆုန်လပြည့် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်)မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်၊ ချမ်းသာကြီးတောင်တိုက်၊ရတနာဗိမာန်စာချကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇောတိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဟောကြားတော်မူသော "ကဆုန်လပြည့် ဗုဒ္ဓနေ့ ကိုယ်တွေ့ ဉာဏ်မြင် နိဗ္ဗာန်ဝင်တရားတော်"**

၈:၁၅ ၅။ ဓမ္မပူဇာတေးအစီအစဉ်

၈:၃၀ ၆။ International News.

၈:၄၅ ၇။ Hill of Dhamma

၉:၀၀ ၈။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ စောရဝဏ္ဏာနှင့် မိစ္ဆာခွင်းဓား (အပိုင်း-၅)**

၁၂:၂၅ ၅။ ရွှေလီတံတား

၁၂:၄၀ ၆။ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်

၁:၄၀ ၇။ ဓမ္မပူဇာတေးအစီအစဉ်

၂:၀၀ ၈။ အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား

၂:၁၅ ၉။ အတီးပြိုင်ပွဲ

၂:၃၀ ၁၀။ စလင်းရေလှောင်တမံ

၂:၄၅ ၁၁။ International News.

၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၀ ၄။ သာယာချို့အေး (၃၈)ဖြာမင်္ဂလာတေး

၄:၅၀ ၅။ ဓမ္မပူဇာတေးအစီအစဉ်

၅:၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)

၅:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၅:၃၀ ၈။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား

၅:၃၅ ၉။ ကဆုန်လပြည့်နေ့တေးများ

၅:၅၀ ၁၀။ ကုသိုလ်ပန်းဝေသွန်းညောင်ရေ

၅:၅၅ ၁၁။ ဆိုကြမယ်၊ပျော်ကြမယ်

၆:၃၀ ၁၂။ ညနေခင်းသတင်း

၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ (အပိုင်း-၂၄)**

၇:၃၀ ၁၅။ **သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ကဆုန်လပြည့် ဗုဒ္ဓနေ့တရားတော် (သံဝေဇနီယလေးဌာန) (ဖွား၊ပွင့်၊ဟော၊စံ)**

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၄၃)**

၂၀။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

အလှူငွေလက်ခံ

ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာတွင် ဆောက်လုပ်ဆဲ သုံးထပ်မဂ္ဂင်ကျောင်းကြီးအတွက် ကွယ်လွန်သူ ခမည်းတော်၊ မယ်တော်နှင့် ညီတို့အားရည်စူး၍ ဦးခေမိန္ဒနှင့် မိသားစုများက အလှူငွေကျပ် သုံးသိန်းကို မေ ၂၁ရက်က လှူဒါန်းရာ ရိပ်သာအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင် လက်ခံယူစဉ်။ (၂၃)

တိပိဋကစာမေးပွဲအောင် သာသနာ့အာဇာနည် ချီးကျူးပူဇော်ပွဲ တိပိဋကဓမ္မရက္ခိတအဖွဲ့ ဗိမာန်တော်၌ ကျင်းပမည်

ရန်ကုန် မေ ၂၁

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးနှစ်ပါး၊ တိပိဋကဓရ ရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့မှ ဆရာတော်ကြီးနှစ်ပါး၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးရှစ်ပါးတို့အား ရိုသေစွာပင့်ဖိတ်၍ တိပိဋကဓမ္မရက္ခိတအဖွဲ့၏ ပစ္စည်းလေးပါးကို အလှူခံတော်မူလျက် (၅၇)ကြိမ်မြောက် တိပိဋကဓရ စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသော သာသနာ့အာဇာနည် စာအောင်သံဃာတော် အရှင်သူမြတ် ၃၄ပါးတို့အား ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ဇွန် ၅ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၁၅)ရှိ တိပိဋကဓရ ဓမ္မရက္ခိတအဖွဲ့ ဗိမာန်တော်၌ ကျင်းပမည်ဖြစ်ရာ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ထံသို့ ပင့်လျှောက်လွှာများ ဆက်ကပ်ထားပြီးဖြစ်သော်လည်း ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အချိန်မီကြွရောက်တော်မူကြပါရန်နှင့် ဗိမာန်တော်အလှူရှင်များ၊ ဆွမ်းအလှူရှင်များ၊ ငွေပဒေသာပင်အလှူရှင်များ၊ အသင်းဝင်များ၊ ဓမ္မမိတ်ဆွေများလည်း ကြွရောက်ကြည်ညိုနိုင်ကြောင်းနှင့် ဖုန်း–၃၈၂၁၁၁၊ ၂၄၈၂၂၄ တိပိဋကဓမ္မရက္ခိတအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

❁ ကျောဖုံးမှ

အသုံးပြုရန် ငွေကျပ် သိန်း ၅၀ စုစုပေါင်း ငွေကျပ် ၁၁၄သိန်းကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ရဲမှူးကြီးတင်မောင်မောင်က လည်းကောင်း လှူဒါန်းကြရာ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က လက်ခံသည်။

ထို့နောက် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) ပထမပိုင်းကို ခေတ္တရပ်နားပြီး အကြိုညီလာခံ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒုတိယဗိုလ်မှူးကြီးမြင့်လွင်(ငြိမ်း)၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်မှူးကြီးတင်ရွှေ(ငြိမ်း)နှင့် ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)တို့က ဆောင်ရွက်ကြသည်။

အစီရင်ခံစာတင်ပြ

ရှေးဦးစွာ သဘာပတိ ဒုတိယဗိုလ်မှူးကြီးမြင့်လွင်(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားပြီး စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာကို ဗိုလ်မှူးမိုးမြင့်အေး(ငြိမ်း)နှင့် ဗိုလ်ကြီးလှဒေါင်း(ငြိမ်း)တို့က တင်ပြကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီးငါးရပ်မှ အမျိုးသားနိုင်ငံရေး ကဏ္ဍကို ဗိုလ်မှူးမင်းသူ(ငြိမ်း)ကလည်းကောင်း၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍကို ဗိုလ်ကြီးခင်မောင်ဦး(ငြိမ်း)ကလည်းကောင်း၊ စီးပွားရေးကဏ္ဍကို ဗိုလ်ကြီးမျိုးချစ်(ငြိမ်း)ကလည်းကောင်း၊ လူမှုရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းကဏ္ဍကို ဗိုလ်ကြီးဖေသန်း(ငြိမ်း)ကလည်းကောင်း၊ ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍကို ဗိုလ်ကြီးတင်မျိုးနိုင်(ငြိမ်း)ကလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးက အကြိုညီလာခံ(၂၀၀၅)သို့ တက်ရောက်လာသော အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းသုံးဦးတို့အား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ရာ နာယက ကိုယ်စား တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က ကလေးမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီမှ တပ်သားမောင်မောင် (၈၁)နှစ်အား ငွေကျပ် ၅၀၀၀၀၊ မုံရွာမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေး ကော်မတီမှ ဗိုလ်ကြီးခင်မောင်(၇၉)နှစ်အား ငွေကျပ် ၃၀၀၀၀၊ ဒီပဲယင်းမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီမှ တပ်သားလှဒန်(၇၈)နှစ်အား ငွေကျပ် ၂၀၀၀၀ တို့ကို ပေးအပ်သည်။

အတည်ပြု

ယင်းနောက် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဆုံးဖြတ်ချက်များကို သဘာပတိက အကြိုညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ၏ သဘောတူညီချက် ရယူကာ အတည်ပြုသည်။

ဆက်လက်၍ အခမ်းအနားမှူးက စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်သည့် ဆုံးဖြတ်ချက်နှစ်ရပ်၊ အတည်ပြုခြင်းတစ်ရပ်၊ မှတ်တမ်းတင်ခြင်းလေးရပ်တို့ကို ကြေညာသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

ရန်ကုန် မေ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ တောင်ဥက္ကလာပမြို့နယ်နှင့် ဒေါပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ဦးဆောင်တာဝန်ယူ တူးဖော်ပြီးစီးခဲ့သည့် စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ဖွင့်လှစ်ပေးကြပြီး ရပ်ကွက်နေပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးကြသည်။

အဆိုပါ စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားများသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးဦးမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုးနှင့် ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနမှူးများ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အမှုဆောင်များ၊ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက် သဒ္ဒါလမ်း၌ အချင်း ရှစ်လက်မရှိ စက်ရေတွင်းသစ်ကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** စက်ရေတွင်းသစ် တူးဖော်ဖွင့်လှစ်နိုင်မှုကြောင့် တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ အိမ်ခြေ ၅၀၀တို့သည် သောက်သုံးရေ ပိုမိုဖူလုံစွာ ရရှိကြပြီဖြစ်သည်။

ထို့နောက် အမှတ်(၄)ရပ်ကွက် ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ၁၀၁၉ စောင်ကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လက်ခံရယူသည်။

ဆက်လက်၍ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် တောင်ဥက္ကလာပမြို့နယ် အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းနှင့် အမှတ်(၂၂) အခြေခံပညာမူလတန်း ကျောင်းတို့သို့ သွားရောက်၍ ကျောင်းဆောင်များ ပြန်လည်ပြုပြင် ဆောက်လုပ်နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်များသည် ဒေါပုံမြို့နယ် ယမုံနာရပ်ကွက်၌ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်တူးဖော်ပြီးစီးသည့် အချင်းလေးလက်မရှိ စက်ရေတွင်းသစ်ကို ဖွင့်လှစ်ပေးကြပြီး စက်ရေတွင်းသစ်နှင့် ရပ်ကွက်ပြည်သူများအား ရေဖြန့်ဝေပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ (၁၉)

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘွဲ့) စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၁

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ (ကံဘွဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ယနေ့နံနက် ၈နာရီက အဆိုပါ ကောလိပ်ဓမ္မသာလာဓမ္မာရုံတွင် ကျင်းပရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၈၄ဦးတို့ တက်ရောက်ကြပြီး ၄၄ဦးတို့ အဝေးရောက် အပူဇော်ခံကြသည်။

မြတ်ဆရာပူဇော်ပွဲ အခမ်းအနားသို့ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် ဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ပူဇော် ကန်တော့ကြသည်။

(အောက်ပုံ)

အခမ်းအနားတွင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပနိုင်ခြင်းအတွက် ဝမ်းမြောက်စကားပြောကြားသည်။



ထို့နောက်ပူဇော်ကန်တော့ခံဆရာကြီး ဦးတင်ဖေ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆရာမကြီး ဒေါ်မြူရီရယ်ထွန်းကျော် ကျောင်းအုပ်ကြီး(ငြိမ်း)တို့က ဩဝါဒ စကားပြောကြားကြပြီး ကျောင်းသားဟောင်းကိုနု၊ ကိုခင်မောင်စိုး၊ ကိုမဲအောင်၊ ကိုသာအောင်ကျော်၊ ကိုရန်နောင်၊ မခင်လှမြင့်တို့က မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို ဖော်ကျူးခဲ့ကြသည်။ အဆိုပါ ပူဇော်ကန်တော့ပွဲတွင် တိုင်းရင်းဆေး အလှူရှင်များကလည်း မြန်မာတိုင်းရင်းဆေးများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ၃၉၊ အင်းယားမြိုင်လမ်း ရွှေတောင်ကြား(၁)ရပ်ကွက် ဗဟန်းမြို့နယ်နေ နှစ်ဖက်သောမိဘများကို အမှူးထား၍ ဒေါက်တာမြတ်သူရ၊ ဒေါက်တာခင်မော်ဦးမိသားစုက ငွေကျပ်နှစ်သိန်းကို အတွင်းရေးမှူး ဦးသိန်းထိုက်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂–၅–၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတတရားတော် – ဆပ္ပာဏကောပမသုတ်**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် - Coconut** (ဒုတိယနှစ်–အထူးပြုအားလုံး)
- ၄:၅၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "၂၄ နာရီ" (အပိုင်း–၃)**
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ပဟေဠိနန်းတော်
- ၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး" (အပိုင်း–၂၅)**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

လေအေးစက်အလှူရှင်များနှင့် သွေးလှူရှင်များအား ဂုဏ်ပြု

သနပ်ပင် မေ ၁၃

ပဲခူးတိုင်း သနပ်ပင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ လေအေးစက်အလှူရှင်များနှင့် သွေးလှူရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို မေ ၁၂ ရက်က သနပ်ပင်မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိန်ထွန်းက အမှာစကားပြောကြားပြီး သနပ်ပင်မြို့နေ ပြည်သူများ၏ စုပေါင်းလှူဒါန်းသော တန်ဖိုးငွေ ကျပ် နှစ်သိန်းငါးသောင်း တန်ဖိုးရှိ ခွဲစိတ်ခန်းသုံး လေအေးစက် တစ်လုံးအား အလှူရှင်များကိုယ်စား ဦးအုံကြီး၊ ဦးအောင်မောင်းနှင့် ဦးစိုးဝင်းတို့က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝမ်းထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

(၁၄၅)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

မြစ်ကြီးနား မေ ၆

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မေ ၆ရက်က အင်ဂျင်နီယာမှူး ဦးသိန်းမြင့်နှင့် အဖွဲ့သည် ၂၀၀၅-၂၀၀၆ခုနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရွှေစက်ပလန(၄)၊ (၆)မိုင်အရှည် ကျေးလက်လမ်းအား ဂဝံကျောက်ခင်းရန်အတွက် ကွင်းဆင်းတိုင်းတာသည်။

အဆိုပါလမ်းပေါ်တွင် အလျား ပေ ၄၀၊ အကျယ် ၁၄ပေ၊ အမြင့် ကိုးပေရှိ အုတ်ခုံသစ်သားတံတားတစ်ခု ဆောက်လုပ်ရန် ကွင်းဆင်းတိုင်းတာခြင်း၊ ပစ္စည်းများ ကြိုတင်စုဆောင်းလျက်ရှိပြီး ယင်းလမ်းနှင့် တံတားပြီးစီးပါက လမ်းပေါ်ရှိ ကျေးရွာလေးရွာနှင့် မြို့ပြ ဆက်သွယ်သွားလာရေး လွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ မြို့အဝင်ပန်းဥယျာဉ်အတွင်း ပန်းအလှပင်များနှင့် ရွက်လှပင်များ အကွက်ချ တိုးချဲ့စိုက်ပျိုးခြင်းကို မေ ၁၀ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန္ဒာအေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သန့်ရှင်းရေးဆောင်ရွက်

ဖားကန့် မေ ၁၅

ဖားကန့်မြို့ သန့်ရှင်းသာယာလှပစေရေးအတွက် အေးမြသာယာရပ်ကွက်အတွင်းရှိရေမြောင်းအား ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စက်ယန္တရားကြီးများဖြင့် နုန်းများဆယ်ယူဆောင်ရွက်ခြင်းလုပ်ငန်းကို မေ ၃ ရက်က ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် အေးမြသာယာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကုမ္ပဏီများမှ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမင်းဟန်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးရဲထွန်းတို့ အနီးကပ်ကြီးကြပ်ခဲ့သည်။

(မြို့နယ်စည်ပင်)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေ ပြည်သူများ သွားလာရေး လွယ်ကူစေရန်အတွက် လမ်း၊ တံတားများ ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်က တော်ပသီ ကျေးလက်လမ်း ဂဝံခင်းမှုကို အမှုဆောင်အရာရှိ(လက်ထောက်ညွှန်ကြားရေးမှူး) ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (၁၂၆)

မြို့နယ်
သတင်းများ

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော စံပယ်လမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးကျော်ဖေပြီ ၂ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)

မိုးကောင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မိုးကောင်း မေ ၉

ကချင်ပြည်နယ် မိုးကောင်းမြို့ အိုးတန်းရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ဦးဆောင်စီစဉ်မှုဖြင့် ရန့်သစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၆ ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်က စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး စေတနာရှင်များက အလှူငွေနှင့် သုတရသစာအုပ်၊ စာနယ်ဇင်းများကို ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းအောင်ဦးနှင့် ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်နီလာဝင်းတို့ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(၄၉၉)**

ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့နှင့် သီပေါမြို့နယ် မန်ဆန်းကျေးရွာအုပ်စု ဒေသခံပြည်သူများ ပူးပေါင်းဆောက်လုပ် ပြီးစီးသွားသော ပေ ၉၀၊ ပေ ၃၀ ခေတ်မီကျောင်း အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၁၅ ရက်က ကျေးရွာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ သီပေါမြို့နယ် အတွင်းရေးမှူး ဦးစိုင်းသာလှိုင်၊ ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းအဖွဲ့ခေါင်းဆောင် မစ္စတာဆာတို၊ အလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမော်နှင့် ကျောင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ၊ မန်ဆန်းရေကျကျေးရွာဥက္ကဋ္ဌ ဦးငွေးမြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၂၄၇)

ကမ္ဘာ့ကြက်ခြေနီနေ့နှင့် ရှေးဦးသူနာပြုသင်တန်းဆင်း

စစ်ကိုင်း မေ ၁၅

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်းရှိ မြို့နယ်ကြက်ခြေနီခန်းမတွင် မေ ၈ ရက် နံနက် ၉ နာရီက ကမ္ဘာ့ကြက်ခြေနီနေ့နှင့် အခြေခံရှေးဦးသူနာပြုသင်တန်း အမှတ်စဉ်(၁/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကလေးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးဆွေ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းမှူး ဒုတိယရဲမှူးသန့်ဇင်ထွန်း၊ စစ်ကိုင်းတိုင်း ကိုယ်စားပြု ကလေးမြို့နယ်ကြက်ခြေနီတပ်ရင်းမှ ထူးချွန်ဆုရရှိခဲ့သည့်ကြက်ခြေနီလူငယ်တပ်စုမှူး အေးနန္ဒာစိုးတို့ ရှင်းလင်းတင်ပြကြပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(၄၅၇)**

ကြည့်ရှုစစ်ဆေး

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ဆုတောင်းပြည့်ဘုရားလမ်း ကတ္တရာခင်းရန် ဆောင်ရွက်နေမှုများကို မေ ၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

အင်းတော်မြို့၌ စာပေဟောပြော

အင်းတော် မေ ၉

အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကူညီပံ့ပိုးဦးဆောင်မှုဖြင့် ကျင်းပသော ၂၀၀၅ ခုနှစ် စာပေဟောပြောပွဲကို မေ ၈ရက် ည ၇ နာရီက အင်းတော်မြို့ မြအင်းသာခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး ခင်မောင်ညွန့်၊ အဖွဲ့ဝင်(၂) ဦးကျော်ငွေး၊ အတွင်းရေးမှူး ဦးဆန်းမင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ ချစ်စံဝင်း၊ ချစ်ဦးညိုနှင့် လယ်တွင်းသားစောချစ်တို့က စာပေရေးရာ သုတ၊ ရသများကို ဟောပြောကြသည်။

(၂၃၃)

ကျေးလက်
တစ်ခွင်
ဖွံ့ဖြိုးစည်ပင်

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် စားသောက်ကုန် အရောင်းဆိုင်များ၌ အိုင်အိုဒင်းဆား ဆိုင်တိုင်းရောင်းချနိုင်ရေးအတွက် မေ ၈ ရက်က အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးသန်းလှ၊ ဒုတိယဦးစီးမှူး (ဈေး) ဦးငွေးအောင်နှင့် အဖွဲ့ဝန်ထမ်းများ မြို့မဈေးအတွင်း လိုက်လံဖြည့်ဆည်း ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မေ ၂၁ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံ လဲလှယ်ပြီးသော ဦးအိုက်မုန်း၊ ဦးကန်န၊ ဦးဂုဏ်ခေးတို့နှင့် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီ ရိပ်သာခန်းမ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၁-၅-၂၀၀၅

ဖောင်းတူ	-	၂ ဒသမ ၈၄လက်မ
မော်လမြိုင်	-	၁ ဒသမ ၈၅လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	-	၁ ဒသမ ၅၄လက်မ
ရန်ကုန်(ကမ္ဘာအေး)	-	၁ ဒသမ ၃၈လက်မ
တောင်ကြီး	-	၁ ဒသမ ၃၄လက်မ
ရန်ကုန်(မြို့လယ်)	-	၁ ဒသမ ၂၂လက်မ
ပြင်ဦးလွင်	-	၁ ဒသမ ၁၈လက်မ

စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) ကျင်းပ

ရန်ကုန် မေ ၂၁

စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို မေ ၁၉ရက် နံနက် ၈နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သာအေး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တပ်မတော် အရာရှိကြီးများ၊ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တိုင်းအတွင်းရှိ စစ်မှုထမ်းဟောင်းကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) အခမ်းအနားတွင် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နာယက၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အကြိုညီလာခံ ပထမပိုင်းတွင် သဘာပတိအဖြစ် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေး ကော်မတီ အရန်အင်အား ဒေါ်ဂွမ်းနုဖြူကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်သီတာက လည်း ကောင်း ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးက စစ်ကိုင်းတိုင်း အကြိုညီလာခံသို့ တက်ရောက်ခွင့်ရှိသူ ၄၂၆ဦးစလုံး တက်ရောက် ကြသည့်အတွက် အကြိုညီလာခံ အထမြောက်ကြောင်း နှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အကြိုညီလာခံစတင် ကြောင်း ကြေညာသည်။

အမှာစကားပြောကြား

ထို့နောက် သဘာပတိ တိုင်းမှူးဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားသည်။

ယင်းနောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် က စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့သို့ လူမှုရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေကျပ်ငါးသိန်းကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းကလည်းကောင်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ရင်းနှီး မတည်ငွေကျပ် ၆၄သိန်း၊ လူမှုရေးနှင့် သက်သာချောင်ချိ ရေးလုပ်ငန်းများတွင် **စာမျက်နှာ ၁၂ ကော်လံ ၅ သို့** ❋

ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

▶ *မဟာဗောဓိပင်ကို အေးမြကြည်လင်သော ရေစင်ရေအေးတို့ဖြင့် ညောင်ရေသွန်းလောင်း ပူဇော်ခြင်းဖြင့် ဗောဓိပင် လန်းဆန်းသက်ရှည် ခက်လက်ဝေဖြာသကဲ့သို့ ညောင်ရေသွန်းလောင်းသူတို့၌လည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့သာယာခြင်း၊ အသက်ရှည်ခြင်း၊ အနာမဲ့ခြင်းစသော အကျိုးထူးများ ရရှိနိုင်ကြမည်ဖြစ်သည်။*

ခေါင်းကြီး (စာမျက်နှာ-၂)

▶ *လုမ္ဗိနီဒေသတွင် မြန်မာနိုင်ငံအစိုးရနှင့် ရဟန်းရှင်လူ ပြည်သူအပေါင်းက ဆောက်လုပ်လှူဒါန်းကြသည့် သာသနိက အဆောက်အအုံအားလုံးမှာ ခံ့ညားထည်ဝါ၊ သပ္ပာယ်၊ သန့်ရှင်းသေသပ်ကြသဖြင့် ကမ္ဘာမှာ မြန်မာပေ့ဟု ဥဒါန်းကျူးရင့်ပြီး မြန်မာမှုအနုပညာ၊ ဗိသုကာလက်ရာကို ကမ္ဘာသိကြေညာနိုင်မည့် အဆင့်ရှိ ကြောင်း ကြားသိရပါသည်။*

မောင်သံငြိမ်း၏ "လုမ္ဗိနီ" ဆောင်းပါး (စာမျက်နှာ-၆)